# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (2-12-2014) (၈၀၄၂)


☆ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အရေးကြီးတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးသဘောတူညီချက်ကို ခိုင်မာစွာ ရရှိထားပြီးဖြစ်။

☆ ဒီလိုခိုင်မာတဲ့ အခြေခံတွေရရှိထားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ခွဲထွက်ရေးကိစ္စနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးစေမည့်ကိစ္စတွေကလွဲလို့ အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးဖို့ သဘောတူညီချက်ရရှိထားပြီးဖြစ်။

# စိန်ခေါ်မှုများကို အမျိုးသားရေးအင်အားစုအားလုံးနှင့်လက်တွဲပြီး အောင်မြင်အောင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထား

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

(၂-၁၂-၂၀၁၄)

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကြဖြစ်တဲ့အတိုင်း နို၀င်ဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ဒီလမှာ ကျွန်တော်အထူးပြောကြားလိုတဲ့ကိစ္စကတော့ လက်ရှိကျွန်တော်တို့နိုင်ငံမှာ ဖြစ်ထွန်းနေတဲ့ နိုင်ငံရေးဖြစ်စဉ်ကို ချဉ်းကပ်တဲ့အခါ ဒီဖြစ်စဉ်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဖြစ်ထွန်းရေးနဲ့ ထိုဖြစ်စဉ်များဆက်လက်ရှင်သန်ရေးဆိုတဲ့ကိစ္စတွေအောင်မြင်ဖို့ ကြိုးပမ်းဆောင်ရွက်နေရတဲ့ ဖြစ်စဉ်လို့ ရှုမြင်စေလိုတဲ့ အကြောင်းပဲဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးပဋိပက္ခများကို မိမိဘက်၊ အခြားဘက်ဆိုတဲ့ ဘက်နှစ်ဖက်ချဉ်းကပ်မှုမျိုးနဲ့ ဖြေရှင်းဖို့ကြိုးပမ်းခြင်းမျိုးထက်ကျော်လွန်တဲ့ အမျိုးသားရေးအင်အားစုများအချင်းချင်း နားလည်မှုရှိရှိနဲ့ လက်တွဲဖြေရှင်းဖို့ ကြိုးပမ်းစေလိုခြင်းပဲဖြစ်ပါတယ်။ နိုင်ငံရေးအင်အားစုများအနေနဲ့ မိမိတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာမှာလည်း ဒီရှုထောင့်၊ ဒီရှုမြင်မှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

လက်ရှိကျွန်တော်တို့ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိနေတဲ့ နိုင်ငံရေးဖြစ်စဉ်များဟာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အသက်ဝင်ရှင်သန်ရေးအတွက် လိုအပ်တဲ့ ဖြေလျှော့ပေးမှုတွေ၊ အသွင်ကူးပြောင်းရေးလုပ်ငန်းတွေနဲ့ ဒီမိုကရေစီကျင့်စဉ်များ အမြစ်တွယ်ရှင်သန်လာရေးတို့ကို တစ်ပြိုင်နက် အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်တဲ့အတွက် ကြီးမားတဲ့စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနေရတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းတဲ့အခါ လတ်တလောဖြေရှင်းရမယ့်ကိစ္စများကို လျစ်လျူရှုခြင်းမရှိဖို့နဲ့ ရေရှည်လုပ်ငန်းစဉ်များ အသက်ဝင်ရှင်သန်နေရေးကိုလည်း မျက်ခြည်မပြတ်စေဖို့

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၁

**မြန်မာနိုင်ငံသို့ရောက်ရှိနေသော နော်ဝေနိုင်ငံ ဟာရယ်ဘုရင်အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆိုသည်။**

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံအလံငယ်များကိုဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြရာ နော်ဝေနိုင်ငံဘုရင်ကလည်း ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား နော်ဝေနိုင်ငံဘုရင်က အတူလိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးသန်းဌေး၊ သံအမတ်ကြီး ဦးကျော်စွာမင်းတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် နော်ဝေနိုင်ငံဘုရင်နှင့်မိဖုရားတို့သည် နိုင်ငံတော်သမ္မတအိမ်တော်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



**နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံအလံငယ်များကိုဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်တို့က ရင်းရင်းနှီးနှီးပြန်လည်နှုတ်ဆက်စဉ်။** (သတင်းစဉ်)




ကြေးမုံ စာတည်းရှုထောင့် ၂-၁၂-၂၀၁၄၊ အင်္ဂါနေ့

# ဒီဇင်ဘာအားကစားလ

ပြည်သူများကျန်းမာကြံ့ခိုင်ပါမှ နိုင်ငံ့အင်အားဖြစ်မည်။ ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်ဟုလည်း ဆိုကြသည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟုလည်း ဆိုထားသည်။ ကျန်းမာခြင်းသည် နိုင်ငံအတွက် လုပ်အားအပြည့်အဝရစေသည်၊ မိသားစုဘဝအတွက်လည်း ပျော်ရွှင်လန်းဆန်းစေသည် စသည်ဖြင့် ကျန်းမာခြင်း၏ အကျိုးရလဒ်များအား အမျိုးမျိုး ဆိုကြပါသည်။

ကျန်းမာရေးသည် ထိုမျှအရေးကြီးသည်ကို လူတို့ အမှုမဲ့အမှတ်မဲ့ဖြင့် သတိမူမိကြမည် မဟုတ်ချေ။ နိစ္စဓူဝ လူမှုဘဝတွင် နေ့စဉ်ကျင်လည်လှုပ်ရှားရင်း ကိုယ်သန်ရာဦးစားပေးရင်း အလေးမမူ ဂရုမပြုမိကြခြင်း ဖြစ်နိုင်သည်။ သတိမူမိကြပြန်လျှင်လည်း နေပူသည်၊ မိုးရွာသည်၊ မအားလပ်နှင့် အလုပ်မဖြစ်ကြပြန်။ အမှန်အားဖြင့် လူတို့၏ကျန်းမာရေးကို ငွေမကုန်ကြေးမကျ အလွယ်တကူရနိုင်ပါသည်။ ယင်းမှာ နေ့စဉ်ပုံမှန်ဂရုပြု၍ ကိုယ်လက်လှုပ်ရှားမှုကို ပြုလုပ်ပေးခြင်းဖြစ်သည်။

ထိုသို့တိုက်တွန်းနှိုးဆော်ပါသော်လည်း အလုပ်မဖြစ်သည်မှာ မိမိတို့အကြောင်းနှင့် မိမိတို့သာဖြစ်သည်။ သို့သော် ယနေ့ကာလသည် ကိုယ်လက်လှုပ်ရှား အားကစားတို့ကို ပြုလုပ်ပေးရမည့် အချိန်အခါဟုဆိုချင်သည်။ ဆောင်းရာသီ ဒီဇင်ဘာလ အေးမြမြအချိန်အခါတွင် ကိုယ်လက်လှုပ်ရှား အားကစားတို့ကို ပြုလုပ်ပေးခြင်းသည် အသင့်လျော်ဆုံးဖြစ်မည်။

ရှေးအစဉ်အဆက် ဒီဇင်ဘာအားကစားလတွင် လမ်းလျှောက်ပွဲများ ကျင်းပကြသည်။ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးကို ပြုလုပ်ကြသည်။ အားကစားပြိုင်ပွဲများ အရပ်ဒေသအလိုက် ကျင်းပကြသည်။ ထိုအားကစားလနှင့် တစ်ဆက်တည်း ဒီဇင်ဘာအကုန် ဇန်နဝါရီအဝင် ဆောင်းမကုန်မီ လွတ်လပ်ရေး ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများပါ ကျင်းပကြသည်။ ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားကြသဖြင့် လူထုလှုပ်ရှားမှုအသွင်ဆောင်သည်။

ကျန်းမာရေးအတွက် နေ့စဉ်လမ်းမလျှောက်နိုင်သူများအဖို့ ယခုဒီဇင်ဘာလတွင် နေ့စဉ်လမ်းလျှောက်ပေးသင့်သည်။ နံနက်စောစောပိုင်းတွင် မိမိတို့၏ ကိုယ်ရေးကိုယ်တာ မအားလပ်သည့်ကြားမှ အချိန်ယူကာ မိမိ ကျန်းမာရေးအတွက် အလေးပေးကာ လမ်းလျှောက်ခြင်းသည် အကောင်းဆုံးသော ငွေမကုန်သည့် ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဖြစ်သည်။

တစ်ဦးတည်း တစ်ယောက်တည်း ဆောင်ရွက်ခြင်းထက် စုပေါင်း ဆောင်ရွက်ခြင်းသည် စုပေါင်းအားကိုဖြစ်စေသည်။ စည်းလုံးညီညွတ်မှုကို ဆောင်စေသည်။ စိတ်နှလုံးကို လန်းဆန်းစေသည်။ ပျော်ရွှင်ချမ်းမြေ့မှုကိုလည်း ရရှိစေသည်။ ဒီဇင်ဘာလတစ်လလုံး လမ်းလျှောက်ခြင်းအမှုကို ပြုစေခြင်းဖြင့် တစ်နှစ်တာ ကျန်းမာရွှင်လန်းမှုကို ရစေနိုင်သည်။ လူထုလှုပ်ရှားမှုအသွင် ကိုယ်လက်လှုပ်ရှားဆောင်ရွက်ခြင်းကို ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက်၊ အဖွဲ့အစည်းအလိုက်၊ သတ်မှတ်ရက်အလိုက် ဆောင်ရွက်သင့်သည်။

ယနေ့အချိန်အခါသည် မိမိတို့ကျန်းမာရေးအတွက် သဘာဝလက်ဆောင်ဖြစ်သည်။ တစ်နှစ်တာ၏ နောက်ဆုံးလတွင် တစ်နှစ်တာပင်ပန်းနွမ်းနယ်သမျှ ကိုယ်လက်လှုပ်ရှားမှုများဖြင့် ဆေးကြောပေးသင့်သည်။ အသက်ကို ဉာဏ်စောင့်ဆိုသကဲ့သို့ မိမိကျန်းမာရေးအတွက် မိမိကိုယ်တိုင် တက်တက်ကြွကြွ အလေးထား ဆောင်ရွက်ရမည်သာဖြစ်သည်။ မည်သူ တိုက်တွန်းမှုမျှမပါလျှင်လည်း မိမိကိုယ်တိုင် အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်သင့်သည်။

ဒီဇင်ဘာလ ကိုယ်လက်လှုပ်ရှားဆောင်ရွက်မှုများက နှစ်သစ်အတွက် အားအင်သစ်များကို ဖြစ်စေနိုင်သည်။ မျက်မှောက်ကာလ လူကြီးလူငယ်မရွေး ကိုယ်စီအလုပ်များနေချိန်တွင် တစ်နေ့လျှင် တစ်နာရီမျှပေးကာ ကိုယ်လက်လှုပ်ရှားမှုများကိုပြုခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝများကို ပိုင်ဆိုင်နိုင်အောင် အားထုတ်သင့်သည်။ ခေတ်အခြေအနေအရ အလုပ်များကြသည်မှာ မှန်ကန်ပါသည်။ သို့သော် မိမိတို့ကိုယ်စီ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း အချိန်ပေးသင့်သည်။ ကျန်းမာကြံ့ခိုင်ပါမှလည်း မိမိတို့ လုပ်သင့်သော အလုပ်များကို လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တစ်နှစ်တာ ကိုယ်လက်မလှုပ်ရှားနိုင်လျှင် ဒီဇင်ဘာအားကစားလတွင် စုပေါင်း ကိုယ်လက်လှုပ်ရှားကြဖို့ တိုက်တွန်းချင်ပါသည်။ ။



## ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်းများရှိ ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးတိုးတက်လာစေရေး ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။(**အပေါ်ပုံ**)

အခမ်းအနားသို့ အမေရိကန်ပြည်ထောင်စုမှ အင်္ဂလိပ်စာနည်းပြ ပါမောက္ခ Ms.Kelly Vassar၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။(**ကြေးမုံ**)

**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

| ရန်ကုန် | ဒီဇင်ဘာ ၁ | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၃၀၀၀ | - ၆၅၄၅၀၀ |
| မန္တလေး ရွှေဈေး | ၆၅၃၀၀၀ | - ၆၅၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၁၁၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၈၉၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၅. ၆ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၃. ၉၅ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၇. ၀၂ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၆၇ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၀. ၀၉ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၃၂ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၆၂. ၆၉ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁. ၇၆၃ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၆. ၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း














နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

**❖ နိုင်ငံတော်သမ္မတမှ** သံတမန်ဆောင်ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

ယင်းနောက် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့် နော်ဝေနိုင်ငံဘုရင်တို့က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေနှင့် ပဋိပက္ခလွန်ကာလ ပြန်လည်ထူထောင်ရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် နော်ဝေနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုအခြေအနေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာပညာတော်သင်များ ပိုမိုလက်ခံနိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေး၊ အာဆီယံ-နော်ဝေ ဆက်ဆံရေး စသည့်အချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နော်ဝေနိုင်ငံဘုရင်နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်းအော်လီစတက်တို့ တက်ရောက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် နော်ဝေနိုင်ငံဘုရင်တို့၏ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နော်ဝေနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘော့ဂျ်ဘရန်ဒီတို့က လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က နော်ဝေနိုင်ငံဘုရင်နှင့်မိဖုရားတို့အား နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့်တည်ခင်းဧည့်ခံခဲ့သည်။

နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ်တွင် တင်ရှိနေသည့် ကြွေးမြီဒေါ်လာ ၅၃၄ သန်းကို ပယ်ဖျက်ပေးခဲ့ပြီး နော်ဝေနိုင်ငံ၏ နိုင်ငံတကာအကူအညီပေးရေးအစီအစဉ်တွင် မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးရန် ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် အထောက်အကူပြု အလှူရှင်များအဖွဲ့တွင် ပါဝင်ပြီး အော်စလိုငြိမ်းချမ်းရေးစင်တာနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ နော်ဝေကြက်ခြေနီအဖွဲ့နှင့် နော်ဝေ ပြည်သူလူထုအကူအညီပေးရေးအဖွဲ့တို့ကလည်း စစ်ရှောင်ဒုက္ခသည်စခန်းများကို လည်းကောင်း၊ နော်ဝေဒုက္ခသည် ကောင်စီကလည်း ပဲခူးတိုင်းဒေသကြီးအတွင်း ပြန်လည်နေရာချထားမည့် ကရင်တိုင်းရင်းသားများအတွက် မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လည်းကောင်း ကူညီဆောင်ရွက်လျက်ရှိသည်။

နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် သံရုံးဖွင့်လှစ်ထားပြီး အော်စလိုမြို့၌ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံရုံးကိုလည်း ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်း၌ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နော်ဝေနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘော့ဂျ်ဘရန်ဒီတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

## မြေမြတ်မဟာ ဗုဒ္ဓဂယာ၌ သာသနာ့မြေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဘုရားအဆူဆူတို့ မာန်ငါးပါးကို အောင်တော်မူရာ မြေမြတ်မဟာ ဗုဒ္ဓဂယာ၌ “ဗုဒ္ဓဂယာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်” တည်ဆောက်ရန် သာသနာ့မြေအတွက် သင်္ဃန်းကျွန်းမြို့နယ် မြယမုံကမ်းသာယာအိမ်ရာ အမှတ်(၃၁) (B) (၅)လမ်းနေ ဦးစိုးဝင်း-ဒေါ်သိဂီဝင်းမိသားစုက အလှူငွေကျပ်သိန်း ၅၀ ကို လှူဒါန်းကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ

**ရှေ့ဖုံးမှ**

ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အသက်ဝင်ရှင်သန်ရေးအတွက် လိုအပ်တဲ့အခြေခံများကို တည်ဆောက်နေရတာဖြစ်တဲ့အတွက် ယနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဟာ တုံ့နှေးနေသည်ဆိုတဲ့ အားမလိုအားမရပြောဆိုနေမှုများ ရှိနေခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြုပြင်ပြောင်းလဲရေးဖြစ်စဉ် သက်ဝင်ရှင်သန်ရေးအတွက် မှန်ကန်တဲ့စိတ်ရင်းစေတနာနဲ့ လက်တွေ့အရှိတရားတွေကို အခြေခံတဲ့ကြိုးပမ်းအားထုတ်မှုကို အစဉ်တစိုက်အာရုံစိုက်ဆောင်ရွက်လျက်ရှိတယ်လို့ ပြောကြားလိုပါတယ်။

နိုဝင်ဘာလအတွင်းမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပါတယ်။ အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံများက ခေါင်းဆောင်တွေသာမကဘဲ အိန္ဒိယ၊ တရုတ်၊ အမေရိကန်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဩစတြေးလျနိုင်ငံများရဲ့ ခေါင်းဆောင်များတက်ရောက်ခဲ့တဲ့ ဒီအစည်းအဝေးများဟာ ကျွန်တော်တို့နိုင်ငံသမိုင်းတစ်လျှောက် ကမ္ဘာ့နိုင်ငံအသီးသီးကခေါင်းဆောင်တွေ အများအပြားစုဝေးတက်ရောက်တဲ့ အကြီးကျယ်ဆုံးအစည်းအဝေးကြီးလည်း ဖြစ်ပါတယ်။ အခုလို ဂုဏ်ယူစရာကောင်းတဲ့ ဒီအစည်းအဝေးကြီးကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကို ဂုဏ်သိက္ခာရှိစွာပြန်လည်ဝင်ရောက်ရေး ကြိုးပမ်းမှုရဲ့အဓိကမိုင်တိုင်တစ်ခုဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီထိပ်သီးအစည်းအဝေးကြီးကို အကြောင်းပြုပြီး ကမ္ဘာ့ခေါင်းဆောင်များသာမက များစွာသောသံတမန်များ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းကြီးများနဲ့ နိုင်ငံတကာမီဒီယာတွေဟာ ကျွန်တော်တို့နိုင်ငံကို ရောက်ရှိလာကြပါတယ်။ ကျွန်တော်တို့နိုင်ငံအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အာရုံစူးစိုက်မှုဟာလည်း တိုးတက်လာနေပါတယ်။ ဒီကနေ့ အချိန်အခါမှာ နိုင်ငံတကာဆက်ဆံရေးမှာ ရန်သူမရှိဘဲမိတ်ဆွေသာရှိတဲ့ နိုင်ငံရေးကို လက်ခံကျင့်သုံးနေပါတယ်။ ပြည်တွင်းမှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးအပေါ်မှာ အမြင်အမျိုးမျိုးရှိကြသည့်တိုင် တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်စေချင်ကြတဲ့ စေတနာရှိကြပါတယ်။ အခုအာဆီယံထိပ်သီးအစည်းအဝေးကြီး လက်ခံကျင်းပနိုင်ခြင်းကနေ ကျွန်တော်တို့ရရှိလိုက်တဲ့ ဖြစ်ထွန်းမှုများအားလုံးဟာ မတော်တဆနဲ့ ကြုံကြိုက်လို့ရရှိတာမဟုတ်ဘဲ ဒီလိုနိုင်ငံတကာခင်မင်ရင်းနှီးမှုတွေကို ပိုမိုခိုင်မာလာစေဖို့နဲ့ ပျက်ပြားသွားမယ့်ကိစ္စတွေကို ကာကွယ်နိုင်ဖို့ အလွန်အရေးကြီးပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အာဆီယံဒေသတွင်း စည်းလုံးညီညွတ်ရေးကို ရှေ့ဆက်တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံလိုပဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသေးတဲ့ နိုင်ငံတွေအတွက် အထူးဂရုပြုဆောင်ရွက်သွားဖို့ လိုအပ်မယ်လို့ ယုံကြည်ပါတယ်။ အာဆီယံဒေသတွင်း စည်းလုံးညီညွတ်ရေးဟာ အဆင်းရဲဆုံးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံတွေအပါအဝင် အာဆီယံပြည်သူများအားလုံးရဲ့ အကျိုးစီးပွားကိုဖြစ်ထွန်းစေမှာဖြစ်လို့ ဒီကိစ္စကိုသေချာအောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုနဲ့ပတ်သက်ပြီး အပစ်အခတ်ရပ်စဲရေးစာချုပ် မချုပ်နိုင်သေးမီမှာ တပ်အချင်းချင်းထိတွေ့မှုများ ဖြစ်ပွားနေတာရှိပေမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ အရေးကြီးတဲ့အခြေခံတွေကို ရရှိထားပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ဖို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးက သဘောတူညီထားကြပြီး အဓိကအားဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT)တို့ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အရေးကြီးတဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးသဘောတူညီချက်ကို ခိုင်မာစွာရရှိထားပြီးဖြစ်ပါတယ်။ ဒီလိုခိုင်မာတဲ့ အခြေခံတွေရရှိထားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ခွဲထွက်ရေးကိစ္စနဲ့ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးစေမည့်ကိစ္စတွေကလွဲလို့ အခြားကိစ္စရပ်များအားလုံးကို ဆွေးနွေးဖို့ သဘောတူညီချက်ရရှိထားပြီးဖြစ်ပါတယ်။

အမျိုးသားပညာရေးဥပဒေနဲ့ပတ်သက်ပြီး အမြင်သဘောထားမတူမှုတွေ၊ ကန့်ကွက်ဆန့်ကျင်မှုတွေရှိနေတာကို ကြားသိရပါတယ်။ လက်ရှိပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ အမျိုးသားပညာရေးဥပဒေကို အခြေခံပြီး နည်းဥပဒေများနဲ့ ကဏ္ဍအလိုက်ဥပဒေများကို ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ပြီး ရေးဆွဲပြုစုလျက်ရှိတယ်လို့ သိရပါတယ်။ ဒီလိုရေးဆွဲပြုစုတဲ့အခါမှာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနဲ့ စီမံခန့်ခွဲရေးဝန်ထမ်းများ ပါဝင်တဲ့ အစုအဖွဲ့မျိုးစုံပါဝင်ဆွေးနွေးနိုင်ဖို့လည်း စီမံဆောင်ရွက်လျက်ရှိတယ်ဆိုတာလည်း သိရပါတယ်။ ဒါကြောင့် နည်းဥပဒေများနဲ့ ကဏ္ဍအလိုက်ဥပဒေများ ထွက်ပေါ်ခြင်းမရှိသေးတဲ့အခြေအနေမှာ လက်ရှိအမျိုးသားပညာရေးဥပဒေဟာ ရာနှုန်းပြည့်ပြီးပြည့်စုံပြီလို့ မဆိုနိုင်သေးတာကို ကျွန်တော့်အနေနဲ့ လက်ခံပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ကြည့်မယ်ဆိုရင် ပညာရေးနဲ့ပတ်သက်လို့ သင့်တင့်လျောက်ပတ်တဲ့ ကိုယ်စားပြုမှုများပါဝင်တဲ့ ဆွေးနွေးမှုတွေ၊ ဘက်စုံထောင့်စုံကစာရင်းဇယားတွေကို အခြေခံပြီး လွှမ်းခြုံစဉ်းစားမှုတွေပါဝင်တဲ့ ပညာရေးဆိုင်ရာဥပဒေတစ်ခုကို ပထမဦးဆုံးအကြိမ်ရရှိလာခြင်းဖြစ်ပါတယ်။ ဒီလိုပါဝင်ဆွေးနွေးမှုတွေနဲ့ ဥပဒေတစ်ရပ်ရေးဆွဲနိုင်ခြင်းဟာ ကောင်းမွန်လက်တွေ့ကျတဲ့ ဖြစ်ထွန်းမှုကို ပြသတဲ့ဖြစ်စဉ်တစ်ရပ်၊ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရှုမြင်နိုင်ပါတယ်။

ဒါကြောင့် ဒီဥပဒေနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ အမြင်သဘောထားမတူညီမှုတွေ၊ နည်းဥပဒေနဲ့ ဖြည့်စွက်ဆောင်ရွက်ရမယ့်ကိစ္စတွေအတွက် လက်တွေ့ကျတဲ့ အကျေအလည်ဆွေးနွေးညှိနှိုင်းမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးပြီး လက်တွေ့ကျတဲ့ သွင်းအားစုတွေပေါ်ထွက်လာစေဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့တက္ကသိုလ်များကို ညွှန်ကြားထားပြီးလည်းဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်းမှာ အမေရိကန်ဒေါ်လာ ဝယ်လိုအားများတဲ့အတွက် ဒေါ်လာဈေးတက်ပြီး ငွေလဲနှုန်းပြောင်းလဲမှုတွေ ကြီးမားစွာကြုံခဲ့ရပါတယ်။ တည်ငြိမ်တဲ့ငွေလဲနှုန်းကသာလျှင် အာမခံချက်ရှိတဲ့၊ ယုံကြည်စိတ်ချရတဲ့ စီးပွားရေးဝန်းကျင်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒီအခြေအနေမှာ ဗဟိုဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးဘဏ်များနဲ့ ချိတ်ဆက်ပြီး ငွေလဲနှုန်းပုံမှန်အတိုင်းသွားဖို့ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ စတင်ခဲ့တဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များထဲမှာ အုပ်ချုပ်ရေးပုံစံများပြောင်းလဲခြင်း၊ အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲခြင်းတို့ကို လုပ်ဆောင်ခဲ့တဲ့ရလဒ်အဖြစ် ဗဟိုဘဏ်က သူ့ရဲ့အဖွဲ့အစည်းစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပြီး မှန်ကန်စွာဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ ဈေးကွက်ကမောက်ကမဖြစ်မယ့် အခြေအနေမျိုးတွေမှာ ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ရမယ့်အဖွဲ့အစည်းတစ်ရပ်ရဲ့ စွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့ပြီး ဒါဟာပြုပြင်ပြောင်းလဲမှုတစ်ခုကို မှန်ကန်စွာဆောင်ရွက်နိုင်ခြင်းရဲ့ ရလဒ်ကောင်းဖြစ်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

ဆက်သွယ်ရေးကဏ္ဍမှာဆိုရင်လည်း ကြီးမားစွာပြောင်းလဲမှုတွေ လုပ်ခဲ့ပါတယ်။ အဓိကအားဖြင့်တော့ လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ရှိတဲ့ ဈေးကွက်အခြေအနေကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ နိုင်ငံတကာဈေးကွက်များနဲ့ ပြန်လည်ချိတ်ဆက်နိုင်ခြင်း၊ ကြိုးနီစနစ်များ လျှော့ချနိုင်ခြင်းကြောင့် ပြည်သူအများစုအနေနဲ့ ဆက်သွယ်ရေးအခြေခံတွေဖြစ်တဲ့ တယ်လီဖုန်းပြောဆိုမှုနဲ့ အင်တာနက်ဝန်ဆောင်မှုတွေကို ယခင်ကာလများကထက် များစွာသက်သာတဲ့နှုန်းထားများနဲ့ လွယ်ကူစွာရယူသုံးစွဲနိုင်နေပြီဖြစ်ပါတယ်။ လက်ရှိအချိန်လို အခြေခံအဆောက်အအုံတွေတည်ဆောက်ဆဲကာလမှာ မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးကဏ္ဍဟာ နိုင်ငံတကာအဆင့်မီမဖြစ်သေးသည့်တိုင် ဒေသတွင်းနိုင်ငံများက ပြည်သူတွေသုံးစွဲနေတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုများရဲ့ အဆင့်အတန်းတွေကို မြန်မာပြည်သူတွေရယူသုံးစွဲနိုင်ပြီး မကြာမီကာလမှာ အဆင့်မီအောင်သုံးစွဲလို့ရမယ့် အခြေအနေများကို ဖန်တီးထားနိုင်ပြီဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့ အခြားလက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးပြီး တက်ရောက်လာတဲ့ နိုင်ငံရေးခေါင်းဆောင်များရဲ့ အကြံဉာဏ်များကိုရယူခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေအရ အဖွင့်မှာကျွန်တော်ပြောကြားခဲ့တဲ့အတိုင်း စိန်ခေါ်မှုများစွာနဲ့ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆက်လက်ရှင်သန်ရေးနဲ့ အောင်မြင်မှုများရရှိရေးအတွက် စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးတာကိုလည်း အရှိတရားအဖြစ် လက်ခံထားပါတယ်။ ဒီလိုလက်ခံထားပြီးတော့ ကြုံတွေ့လာမယ့် စိန်ခေါ်မှုတွေကို ဖြေရှင်းဆောင်ရွက်ရာမှာ အမျိုးသားရေးအင်အားစုများအားလုံးနဲ့ လက်တွဲပြီး နည်းလမ်းများရှာဖွေပြီး အောင်မြင်အောင် လုပ်ဆောင်သွားဖို့ သန္နိဋ္ဌာန်ချထားကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးနိုင်ဖို့ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။**



# ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြစဉ်။** (သတင်းစဉ်)

ဧည့်သည်တော် ဟာရယ်ဘုရင်နှင့် မိဖုရားတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဇနီး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားမောင်မယ်များနှင့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များက ဂုဏ်ပြုကြိုဆိုကြပြီး လေဆိပ်အထွက်လမ်းဘေးဝဲယာတွင် ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်းဂုဏ်ပြုကြိုဆိုကြသည်။

(သတင်းစဉ်)



# အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ အမှတ်(၁၀၂) တပ်ရင်းကြီးအတွင်းရှိ တပ်သမိုင်းပြခန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh အား အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ နိုဝင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးချုပ် ညွှန့်ဆွေ တက်ရောက်ပြီး ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့်အတူ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lt. Gen. Nguyen Quoc Khanh၊ ဗီယက်နမ်ပြည်သူ့တပ်မတော် လေ့ကျင့်ရေးဌာနမှ အထွေထွေညွှန်ကြားရေးမှူး Lt. Gen. Nguyen Duc Than နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh က အစည်းအဝေးတက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များအား နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အာဆီယံနိုင်ငံများအတွင်း တပ်မတော်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန်နားလည်ရေး၊ သတင်းဖလှယ်ရေးနှင့် လေ့ကျင့်ရေးများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် တစ်ခုတည်းသော အာဆီယံရည်မှန်းချက်သို့ လျှောက်လှမ်းရာ၌ ဆောင်ရွက်ဖွယ်ရာ တပ်မတော်အခန်းကဏ္ဍတို့အား ဆွေးနွေးသည်။ ၎င်းနောက် ၂၀၁၅ ခုနှစ်အတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Udomdej Sitabutr က အာဆီယံနိုင်ငံ ကြည်းတပ်ဦးစီးချုပ်များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ဗီယက်နမ်နိုင်ငံကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ဗီယက်နမ်နိုင်ငံ Son Tay ပြည်နယ်ရှိ အမှတ်(၁၀၂)တပ်ရင်းကြီးနှင့် အမှတ်(၃၀၈)တပ်မကြီးသို့သွားရောက်၍ ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် အမှတ်(၁၀၂)တပ်ရင်းကြီးကို ရောက်ရှိရာ တပ်ရင်းမှူးဖြစ်သူ Lt.Col.Dinh Van Dai က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အမှတ်(၁၀၂)တပ်ရင်းကြီးအတွင်းရှိ တပ်သမိုင်းပြခန်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် အမှတ်(၃၀၈)တပ်မကြီးသို့ သွားရောက်လေ့လာကြရာ တပ်မကြီးမှူး Sr.Col. TRA. QUANG HOAI နှင့် ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံအလိုက် ကြည်းတပ်ဦးစီးချုပ်များအား အလေးပြုကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အမှတ်(၃၀၈)တပ်မကြီးမှ တာဝန်ရှိသူများက တပ်မနှင့်ပတ်သက်သည့် အချက်အလက်များအား ဗီဒီယိုမှတ်တမ်းဖြင့်လည်းကောင်း၊ တပ်သမိုင်းပြတိုက်၌ တပ်မကြီး၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ကြည်းတပ် ဦးစီးချုပ်များသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်များ ရေးထိုးခဲ့ကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်တို့သည် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ဟနွိုင်းမြို့ရှိ Melia Hotel ၌ ကျင်းပသော ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးချုပ် Lt.Gen. Nguyen Quoc Khanh နှင့် ဇနီးတို့မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15) အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Lt.Gen.Nguyen Quoc Khanh က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်တပ်မတော် တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ညစာစားပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်ဇနီးများနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




**အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ ဗီယက်နမ်နိုင်ငံ အမှတ်(၁၀၂) တပ်ရင်းကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)







# မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သည့် အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုသဘင်

ကျော်ငြိမ်း(မြန်မာသမိုင်းအဖွဲ့)နှင့်
ဒေါက်တာထွန်းထွန်းဦး(သမိုင်းသုတေသနနှင့်
အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)

**မြန်မာပဒေသရာဇ် ရတနာပုံခေတ် (၁၈၅၂-၁၈၈၅) နောက်ဆုံးမင်းဖြစ်သော သီပေါမင်း (အေဒီ၁၈၇၈-၁၈၈၅) ကို ဗြိတိသျှတို့က အိန္ဒိယနိုင်ငံ မဒရပ်သို့ ခေါ်ဆောင်သွားခြင်းဖြင့် ကုန်းဘောင်ခေတ် (အေဒီ၁၇၅၂-၁၈၈၅) နိဂုံးချုပ်ခဲ့ရပြီး ထိုအချိန်မှစ၍ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီဘဝရောက်ခဲ့ရလေတော့သည်။ ထိုမှအစပြု၍ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် နှစ်ပေါင်း (၆၀)ကျော် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့မှစ၍ လွတ်လပ်ရေးရခဲ့ပြီး လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။**



မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနေ့ဖြစ်သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် လွတ်လပ်ရေး ကြေညာလိုက်သောအခါ အတွင်းဝန်ရုံးများအတွင်း လွှတ်တော်အဆောက်အအုံရှေ့ရှိ အလံတိုင်ထိပ်၌ လွတ်လပ်ရေးမရမီအချိန်ထိ လွှင့်ထူထားသော ဗြိတိသျှတို့၏ ယူနီယံဂျက်အလံသည် တိုင်ခြေရင်းသို့ တဖြည်းဖြည်း လျှောဆင်းလာရပြီးနောက် မြန်မာနိုင်ငံတော်အလံသည် ဝင့်ကြွားစွာဖြင့် တိုင်ထိပ်သို့ တလူလူ တလွင့်လွင့် မြင့်တက်လာခဲ့ရာ ကြည့်ရှုသူ မြန်မာတိုင်းရင်းသားများ ရင်တလှပ်လှပ်နှင့် ကြက်သီးမွေးညင်းများ ထလုသည်အထိ အလွန်စိတ်အားတက်ကြွဖွယ်ရာဖြင့် ဂုဏ်ယူဝင့်ကြွားခဲ့ကြသည်။ မည်သည့်အတွက်ကြောင့် ဤသို့ ဖြစ်ရသနည်း။

**အလံဟူသည် ရင့်ကျက်နက်နဲသော အဓိပ္ပာယ်ကိုဆောင်သည့် အမှတ်အသားတစ်ခု ဖြစ်သည်။ အလံတော်သည် နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာအား ကိုယ်စားပြုထားသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတော်အလံ စိုက်ထူလွှင့်တင်ရာအရပ်၌ အုပ်ချုပ်ခွင့်အာဏာ သက်ရောက်နေသည့် သဘောကိုလည်းဆောင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတော်အလံသည် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို သရုပ်ဆောင်သည်။ အချုပ်အခြာ အုပ်စိုးပိုင်ခွင့်အာဏာကို စေစား၍ ဖြန့်ကြက်ရာ အမှတ်အသားလည်းဖြစ်သည်။ ပြည်သူ ပြည်သားများနှင့်တကွ တိုင်းနိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုရာလည်းဖြစ်၏။ နိုင်ငံအတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့တွင် အလံကို လွှင့်တင်၍ စီရင်ဆောင်ရွက်မြဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အလံကို ထိပါးစော်ကားမှုသည် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို ထိပါးစော်ကားခြင်းဟု ယူဆကြလေသည်။ သို့အတွက် နိုင်ငံတော်အလံသည် အထူးအထွေ အမွန်အမြတ်ထားအပ်သော နိုင်ငံတော်၏ အဆောင်အယောင်တစ်ရပ်ဖြစ်ပြီး ဂုဏ်ပြုလေးစားမှုကို ခံယူရသော နိုင်ငံ၏ ပစ္စည်းတစ်ရပ်လည်းဖြစ်ပေသည်။**

ထို့ကြောင့် လွတ်လပ်ရေးရသည့်နေ့ မြန်မာနိုင်ငံတော်အလံကို လွှင့်ထူရာ၌ မြန်မာတိုင်းရင်းသားအားလုံး ကိုယ်စိတ်နှလုံး ကြည်နူးပီတိဖြာဝေ ဂုဏ်ယူခဲ့ကြခြင်းဖြစ်သည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုလျှင် နေ့စဉ်နံနက် ၄ နာရီခန့် တိန်အန်မင်ရင်ပြင်တော်၌ အလံတော်လွှင့်ထူခြင်း အခမ်းအနားကို ကျင်းပကြရာ ပြည်သူများသာမက နိုင်ငံခြားသားများကပါ လာရောက်ကြည့်ရှုရသော အခါသမယလည်းဖြစ်သည်ကို တွေ့ရခြင်းအားဖြင့် မည်မျှတန်ဖိုးထားသည်ကို မြင်တွေ့နိုင်ပေသည်။

မြန်မာခေါင်းဆောင်ကြီးများ၏ အမျိုးမျိုးသော ကြိုးပမ်းမှုတို့ကြောင့် ရရှိခဲ့သော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်သည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ကြစေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ်ထိုနေ့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများ ဆင်ယင်ကျင်းပကြသည်။

ထိုအထိမ်းအမှတ်ပွဲများတွင် များသောအားဖြင့် လွတ်လပ်ရေးကျောက်တိုင်၌ စုဝေးကြ၍ ပြည်ထောင်စုတည်မြဲရေးတိုးတက်ရေးကို မမေ့မလျော့ ဆောင်ရွက်ရန် အဓိဋ္ဌာန်များ ပြုလုပ်လေ့ရှိကြသည်။ ပျော်ပွဲရွှင်ပွဲနှင့် ပြပွဲပြိုင်ပွဲ အမျိုးမျိုးကိုလည်း တခမ်းတနား ဆင်ယင်ကျင်းပကြ၍ အစိုးရကလည်း နိုင်ငံ၏တာဝန်ကို ထူးချွန်စွာ ထမ်းဆောင်သူတို့အား ဘွဲ့ထူးဂုဏ်ထူးနှင့် ဆုလာဘ်များ ပေးအပ်ချီးမြှင့်လေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့သည် မင်္ဂလာအပေါင်းနှင့် ခညောင်းသော နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်သည်နှင့်အညီ အလံတင်အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ထိုသို့ တန်ဖိုးထားဂုဏ်ပြုလေးစားရသော အလံတင်အခမ်းအနားကို တခမ်းတနား ကျင်းပရုံသာမက ယင်းနေ့ထူးနေ့မြတ် အထိမ်းအမှတ် အခမ်းအနားအဖြစ် လွတ်လပ်ရေးအောင်ပွဲ၊ လွတ်သဘင်အခမ်းအနားကိုလည်း ကျင်းပခဲ့ကြသည်။

**လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး လွှတ်တော်အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။ ဆက်လက်၍ နံနက် ၆း၃၀ နာရီတွင် အလုံလမ်း ဘုရင်ခံအိမ်တော်ရှေ့၌ ဒုတိယအကြိမ် အလံတင်အခမ်းအနား ကျင်းပပြီး ပြည်ထောင်စုအလံ လွှင့်တင်ပြီးနောက် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချခဲ့သည်။ လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်ပြီးစီးသည့်နောက်ပိုင်း အလံတော်လွှင့်ထူခြင်း အခမ်းအနားကို လွတ်လပ်ရေးကျောက်တိုင်ရှေ့ရှိ အလံတိုင်၌ လွှင့်ထူ၍ ဝင့်ကြွားစွာ ကျင်းပခဲ့ကြသည်။ ထိုမှစ၍ နှစ်စဉ်နှစ်တိုင်းလွတ်လပ်ရေး အထိမ်းအမှတ် အခမ်းအနားများကို တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၄) တိုင်အောင် တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်။**

၁၉၄၈ ခုနှစ်မှစ၍ တော်လှန်ရေးကောင်စီ မတိုင်မီ ၁၉၆၂ ခုနှစ်အထိ (၁၄)နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် စဝ်ရွှေသိုက် (၄ ဇန်နဝါရီ ၁၉၄၈-၁၂ မတ် ၁၉၅၂)၊ ဒေါက်တာဘဦး (၁၂ မတ် ၁၉၅၂-၁၁ မတ် ၁၉၅၇) နှင့် မန်းဝင်းမောင် (၁၁ မတ် ၁၉၅၇-၂ မတ် ၁၉၆၂) တို့က သမ္မတအဖြစ် ထမ်းဆောင်သွားခဲ့ကြသည်။ ယင်းတို့၏ သက်တမ်းကာလအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတဖြစ်သည့် သမ္မတ စဝ်ရွှေသိုက်ကာလ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်မူ **ဗိုလ်ရှုသဘင်**အခမ်းအနား စတင်ကျင်းပခဲ့သည်ကို တွေ့ရှိရသည်။ ယင်းမတိုင်မီ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့ အင်းစိန်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းအား တပ်မတော်သားများက ချီတက်အလေးပြုသည့် ဗိုလ်ရှုခံ အခမ်းအနား ကျင်းပခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာ-အင်္ဂလိပ်အဘိဓာန်ကျမ်းတွင် ဗိုလ်ရှုခံ၏ အဓိပ္ပာယ်ကို “royal audience given to generals” ဟု ဖွင့်ဆိုထားခြင်းဖြစ်ပေမည်။ သို့သော် ဗိုလ်ရှုခံ၏ အဓိပ္ပာယ်နှင့် ကွဲလွဲသော ဗိုလ်ရှုသဘင်၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်ကျမ်းတွင် “မင်းကေရာဇ်က သေနာပတိ စသည်တို့ကို ကြည့်ရှုစစ်ဆေးသောအခမ်းအနား” ဟူ၍ ဖွင့်ဆိုထားသည်။ သို့အတွက် သမ္မတစဝ်ရွှေသိုက်မှ မန်းဝင်းမောင်အထိ လွတ်လပ်ရေးနေ့ အခမ်းအနားကို အလေးအနက်ထားသောအားဖြင့် နိုင်ငံတော်သမ္မတကြီးအား မြန်မာနိုင်ငံရှိ တပ်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံက ဂုဏ်ယူစွာ ချီတက်အလေးပြုခဲ့ကြခြင်း ဖြစ်လေသည်။

သမ္မတ စဝ်ရွှေသိုက်ကာလအတွင်း ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ လွတ်လပ်ရေးအောင်ပွဲကို ကျင်းပခဲ့ကြရာတွင် ပထမဦးစွာ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ရှိ အလံတိုင်၌ ပြည်ထောင်စုအလံကို လွှင့်ထူပြီး နိုင်ငံတော်သီချင်း တီးမှုတ်အလေးပြုကြကာ တပ်မတော်မှ အမြောက်များ ပစ်ဖောက်၍ ဂုဏ်ပြုခဲ့ကြသည်။ ယင်းနောက် ဗိုလ်ရှုသဘင်အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည်ကို တွေ့ရသည်။

**နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦးကာလတွင် ပထမဆုံးသော လွတ်လပ်ရေးအောင်ပွဲအခမ်းအနားကို ၁၉၅၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံအတွင်းတွင် ကျင်းပရာ နံနက် ၄ နာရီ ၁၇ မိနစ် အချိန်တွင် စည်တော်များ စတင်ရွမ်းလေသည်။ နံနက် ၄ နာရီ ၁၉ မိနစ်အချိန်တွင် ပြည်သူ့ သူနာပြုတီးဝိုင်းမှ အမျိုးသားသီချင်းကို စတင်တီးမှုတ်ရာ အောင်ပွဲကော်မတီဥက္ကဋ္ဌက အလံတော်ကို လွှင့်ထူရန် အလံစကို ကိုင်ထားလေသည်။ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အမြောက်တစ်ချက် ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးသည် နိုင်ငံတော်အလံကို လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ရှိ အလံတိုင်ထိပ်သို့ လွှင့်ထူလိုက်လေသည်။ ထိုအချိန်တွင်ပင် ရပ်ကွက်တိုင်း၌လည်း နိုင်ငံတော်အလံကို လွှင့်ထူအလေးပြုကြသည်။ သေနတ်သံ၊ ပြောက်အိုးသံ၊ သံချောင်းခေါက်သံ စသည်တို့သည်လည်း တစ်ခဲနက် မြိုင်ဆိုင်စွာ ထွက်ပေါ်လာလေတော့သည်ကို ကြားသိရခြင်းအားဖြင့် နိုင်ငံတော်ကြီးအား မည်မျှဂုဏ်ယူ တန်ဖိုးထားသည်ကို သိရှိနိုင်ပေသည်။**

နိုင်ငံတော်သမ္မတကြီးသည် နံနက် ၇း၃၀ နာရီတိတိတွင် နေအိမ်မှ အတွင်းဝန်၊ အိမ်တော်ဝန်၊ ကိုယ်ရံတော်များ ခြံရံလျက် ရန်ကုန်မြို့ မြို့တော်ခန်းမသို့ ထွက်ခွာလာရာ၌ ခန်းမရှေ့အရောက် အမြောက် ၃၁ ချက် ပစ်ဖောက်ကာ အလေးပြုကြသည်။ နိုင်ငံတော်သမ္မတကြီး ကြွမြန်းလာရာ လမ်းတစ်လျှောက်တွင်လည်း ကျောင်းသားကျောင်းသူများနှင့် လူထုပရိသတ်တို့က နိုင်ငံတော်အလံများအား ဝှေ့ယမ်းပြီး သမ္မတကြီးအား သက်တော်ရာကျော် ရှည်ပါစေဟု ကြွေးကြော်ကြသကဲ့သို့ နိုင်ငံတော်သမ္မတကြီးကလည်း ပြန်လည်နှုတ်ဆက်သည်ကို တွေ့ရသည်။ နိုင်ငံတော်သမ္မတကြီး မြို့တော်ခန်းမရှေ့ရောက်သောအခါ အလေးပြုခံယူရန် သီးသန့်ပြုလုပ်ထားသောစင်မြင့်သို့ တက်ရောက်ပြီး ကိုယ်ရံတော်တပ်၏ အလေးပြုခြင်းကို ခံယူကာ ကိုယ်ရံတော်တပ်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ရှုသဘင်မဏ္ဍပ်သို့ ဆက်လက် သွားရောက်သောအခါ လူထုပရိသတ်က မတ်တတ်ရပ် အလေးပြုကြပြီးနောက် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို ဖွင့်လှစ်ကြောင်း ကြေညာကာ နိုင်ငံတော်သမ္မတကြီးအား အလေးပြုကြလေသည်။ ယင်းနောက် လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းသွား ခဲ့ကြသူ အာဇာနည်များအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတကြီးက လွတ်လပ်ရေး မိန့်ခွန်း မိန့်ကြားလေသည်။ **မိန့်ခွန်း ပြောကြားပြီးသောအခါ တပ်ပေါင်းစုံနှင့် ပြည်သူ့ဝန်ထမ်းများပါဝင်သော လူထုပရိသတ်က နိုင်ငံတော် သမ္မတကြီးရှေ့မှောက်တွင် “ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်” အစချီသော အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြလေသည်။ ထိုသို့ ရွတ်ဆိုပြီးနောက် နိုင်ငံတော်သမ္မတကြီးသည် တပ်ပေါင်းစုံနှင့် ပြည်သူ့ဝန်ထမ်းများ၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် လွတ်သဘင် ဗိုလ်ရှုခံသဘင်အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်လေသည်။**

ထိုသို့ လွတ်လပ်ရေးအောင်ပွဲကို နှစ်စဉ်နီးပါး ရန်ကုန်မြို့ ဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ရှိ အလံတိုင်၌ နိုင်ငံတော်အလံ လွှင့်ထူသည့် အခမ်းအနား ကျင်းပလာခဲ့ရာမှ ၁၉၅၄ ခုနှစ်တွင် ဗိုလ်ရှုသဘင် အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်ကို မတွေ့ရတော့ချေ။ ယင်းနေရာအစား ရန်ကုန်မြို့ ပြည်လမ်း ရွှေတိဂုံစေတီ အနောက်ဘက်မုခ်တည့်တည့်၌ ဗိုလ်ရှုခံခန်းမ ဆောက်လုပ်ခဲ့သည်။ ဗိုလ်ရှုခံခန်းမ ဆောက်လုပ်ပြီးစီးသည့် ၁၉၅၄ ခုနှစ်မှ အစပြုကာ ၄-၁-၁၉၅၄ ခုနှစ် လွတ်လပ်ရေးအောင်ပွဲသဘင်မှ စတင်၍ နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားများကို ပြည်လမ်း ဗိုလ်ရှုခံခန်းမရှေ့သို့ ရွှေ့ပြောင်းကျင်းပခဲ့ကြပြီး နိုင်ငံတော်သမ္မတကို အသင်းအဖွဲ့ အသီးသီးက ချီတက်အလေးပြုခဲ့ကြသည်ကို တွေ့ရသည်။

ယင်းသို့ နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦးကာလတွင် ဗိုလ်ရှုသဘင် အခမ်းအနားကို ပြည်လမ်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ကြပြီး သမ္မတ ဒေါက်တာဦးဘဦး နောက်ဆက်ခံသူ နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်ကာလတွင်လည်း ပြည်လမ်းမှာပင် ဗိုလ်ရှုသဘင် စစ်ရေးပြအခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သကဲ့သို့ ကျင်းပခဲ့ရာ ယခင်ကထက် ထည်ဝါခံ့ညားလာသည်ကို တွေ့ရသည်။

**ဤသို့ဖြင့် လွတ်လပ်ရေးရပြီးသည့်နောက် နှစ်စဉ်နှစ်တိုင်းလိုပင် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို အလံလွှင့်ထူခြင်း၊ ဗိုလ်ရှုသဘင်ကျင်းပခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်မှစ၍ ဗိုလ်ရှုသဘင်ကို ကျင်းပခြင်းမရှိတော့ပေ။ ထိုအချိန်မှစ၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သည့် အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုသဘင်တို့နှင့် ကင်းကွာခဲ့ရသည်မှာ နှစ်ပေါင်း ၅၀ ကျော် ရှိခဲ့လေပြီ။ နောက်ပိုင်းတွင် ဗိုလ်ရှုခံခန်းမနှင့် သမ္မတအိမ်တော်တို့ကို ဖျက်၍ ယနေ့တွေ့မြင်နေရသော လွှတ်တော်အဆောက်အအုံ (ယနေ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)ကို ဆောက်လုပ်ခဲ့ပေတော့သည်။ မျှားမကြာမီ ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် နှစ်ပေါင်း ၅၀ ကျော် ကင်းကွာခဲ့ရသော ဗိုလ်ရှုသဘင်ကို နေပြည်တော်တွင် ပြန်လည်မြင်တွေ့ရတော့မည်ဖြစ်သည်။ ။**



# နိုးကြားတက်ကြွသည့်စိတ်ဓာတ်များနှင့် ထိရောက်စွာပူးပေါင်းပါဝင်ခြင်းဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါကို တိုက်ဖျက်ကြရန်လို

မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ဖြစ်ပွားမှုနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် သုည ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် သုည ဒသမ ၄၇ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားသည်။

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day)လှုပ်ရှားမှုများကို ၁၉၈၈ ခုနှစ်မှ စတင်ပြီး နှစ်စဉ် ဒီဇင်ဘာ ၁ ရက်မှစ၍ ပထမရက်သတ္တပတ်အတွင်း ကျင်းပလေ့ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၈၉ ခုနှစ်စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခု ၂၀၁၄ ခုနှစ်သည်(၂၆)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါဖြစ်ပွားမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက ၁၉၈၁ ခုနှစ်က အမေရိကန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော အေအိုင်ဒီအက်စ်ရောဂါသည် နှစ်ပေါင်း ၃၀ ကျော်အတွင်း တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးသို့ကူးစက်ပျံ့နှံ့ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်အကုန်ကာလတွင် ကမ္ဘာ့အေအိုင်ဒီအက်စ်အဖွဲ့ (UNAIDS)မှ ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင်ခန့်မှန်း အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံနေရသူပေါင်း ၃၅ သန်းခန့်ရှိကြောင်းနှင့် ရောဂါအသစ်ဖြစ်ပွားသူပေါင်း ၂ ဒသမ ၁ သန်းခန့်ရှိကြောင်း၊ အာရှ-ပစိဖိတ်ဒေသအတွင်း အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံနေရသူပေါင်း ငါးသန်းခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီပိုးတွေ့ရှိလူနာတစ်ဦးကို ၁၉၈၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ပထမဦးဆုံးသော အေအိုင်ဒီအက်စ် လူနာတစ်ဦးကို ၁၉၉၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၁၃ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၌ အသက်(၁၅)နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများအနက် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ခံနေရသူပေါင်း ၁၈၀၀၀၀ ကျော်ခန့်ရှိပြီး အဆိုပါနှစ်တစ်နှစ်အတွင်းမှာပင် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံရသူပေါင်း(အသစ်) ၇၀၀၀ ကျော်ခန့်ရှိကြောင်း လေ့လာချက်များအရ သိရသည်။

"ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုတာ နိုင်ငံတိုင်းမှာဖြစ်နေတာပါ။ အခုလို အခမ်းအနားတွေကိုကျင်းပပေးတာ ကောင်းပါတယ်။ ဒါမျိုးတွေလုပ်ပေးခြင်းအားဖြင့် လူထုကို Awareness ဖြစ်စေတယ်လေ။ အေအာတီနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင် ကုရာနတ္ထိဆေးမရှိဆိုတဲ့ ဒီလိုရောဂါမျိုးအတွက် ထိရောက်တဲ့ဆေးဝါးတစ်ခုလို့ပြောရမှာပါ။ ဒါပေမယ့် ဆေးရှိတယ်ဆိုပြီး ပေါ့လို့တော့ မရဘူးလေ။ ရောဂါမဖြစ်အောင် ဂရုစိုက်ဆင်ခြင်ရမှာပေါ့။ အကောင်းဆုံးကတော့ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက်ပိုကောင်းတယ်လို့ဆိုတဲ့အတိုင်း ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ကြတာ ပိုကောင်းတာပေါ့။ ဒါပေမယ့် ရောဂါပိုးကူးစက်ခံရပြီဆိုရင်တော့ အေအာတီဆေးဝါးနဲ့ကုသတာ ပိုကောင်းတယ်လို့မြင်ပါတယ်" ဟု အခမ်းအနားသို့တက်ရောက်လာသူ ဒေါက်တာနွယ်နီမြင့်က အကြံပြုစကားပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာ ဒီရောဂါကူးစက်ရတဲ့ အဓိကအကြောင်းရင်းတွေကတော့ လိင်ဆက်ဆံရာကနေတစ်ဆင့် ကူးစက်တာပေါ့။ အဲဒီနေရာမှာ လိင်တူ၊ လိင်ကွဲနှစ်မျိုးနှစ်စားရှိတယ်။ နှစ်မျိုးလုံးကနေ ကူးစက်နိုင်တယ်။ နောက်ထပ်ကူးစက်နိုင်တာက မူးယစ်ဆေးသွင်းတာတို့၊ မိခင်ကနေတစ်ဆင့် ကလေးကိုကူးစက်တာတို့ပေါ့။ အဲဒါက ကူးစက်မှုအပိုင်းပေါ့။ ရောဂါပိုးကူးစက်ခံရတဲ့သူတွေကို ဆက်ဆံတဲ့အပိုင်းမှာတော့ သူတို့ကို ခွဲခြားနှိမ့်ချမှု မပြုကြဘဲ ကူညီဖေးမကြရင် ပိုကောင်းပါလိမ့်မယ်။ ဒါမှလည်း သူတို့တစ်တွေဟာ ပစ်ပယ်ခံထားရသလို မဖြစ်တော့မှာ။ ကုသမှုအပိုင်းမှာတော့ အေအာတီနဲ့ကုသတာက ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ရောဂါပိုးကူးစက်ခံထားရသူအတွက်လည်း သေဆုံးမှုနှုန်းလျော့ကျစေနိုင်သလို အခြားလူတွေဆီကို ကူးစက်မှုလည်း လျော့နည်းသွားနိုင်ပါတယ်" ဟု နယ်စည်းမခြားဆရာဝန်များအဖွဲ့(ဟော်လန်)မှ ဒေါက်တာလင်းထက်က ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဝေဒနာရှင်များအား အေအာတီဆေးဝါးဖြင့် ကုသခြင်း (ART- Antiretroviral Therapy) လုပ်ငန်းကို ၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံကြီး ၆၈ ရုံ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ဆေးခန်း ခုနစ်ခုနှင့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ၏ဆေးခန်းများတွင် ကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ရာမည(ကြေးမုံ)**

## အမှတ်(၃၄) အကြီးစားစက်ရုံ (သာယာဝတီ)အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ အမှတ်(၃၄)အကြီးစားစက်ရုံ(သာယာဝတီ)သို့ သွားရောက်၍ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ကုန်ချောလက်ကျန်များ အမြန်ဆုံးရောင်းချနိုင်ရေး၊ ဈေးကွက်လိုအပ်ချက်ရှိသော ထုတ်ကုန်များသာ ထုတ်လုပ်ရေး၊ ဈေးကွက်တွင် အရည်အသွေးရော ဈေးနှုန်းပါယှဉ်ပြိုင်နိုင်ရေး၊ အလုပ်ရှင်နှင့် ဝန်ထမ်းများအကြား ဆက်ဆံမှုကောင်းမွန်ရေး၊ စက်ရုံသန့်ရှင်းသာယာလှပရေးတို့ကို ရှင်းလင်းပြောကြားပြီး ကြွေပြားစက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် စက်တပ်ဆင်မှုလုပ်ငန်းများကို စစ်ဆေးသည်။

အမှတ်(၃၄) အကြီးစားစက်ရုံ (သာယာဝတီ)မှ ကြွေပန်းကန်အမျိုးမျိုး၊ ရေအိမ်သုံးကြွေထည်ပစ္စည်းအမျိုးမျိုး၊ ကြွေပြားအမျိုးမျိုးနှင့် ကြွေအမိုးပြားများကို ထုတ်လုပ်ရောင်းချခဲ့သော်လည်း ပြောင်းလဲလာသည့် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် စက်ရုံအား ပုဂ္ဂလိကကုမ္ပဏီသို့ နှစ်ရှည်ငှားရမ်းခဲ့ပြီး ကုမ္ပဏီအနေဖြင့် စက်ရုံအဆောက်အအုံများ ထပ်မံတည်ဆောက်ခြင်း၊ စက်ဟောင်းများ ပြုပြင်ခြင်းနှင့် ခေတ်မီစက်အသစ်များ ထပ်မံဖြည့်တင်း၍ ဈေးကွက်ဝင် ကြွေပြားအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ကင်ဆာရောဂါဆိုင်ရာ ပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းမကြီး အောင်ဇေယျမြို့တော် နဝရတ်တိုက်ခန်း အောင်ဇေယျမြို့တော် လူရည်ချွန်ကုသိုလ်ဖြစ် (အခမဲ့) အထူးကုဆေးခန်းရှိ ဧည့်ခန်းမ၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့နှင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ကင်ဆာရောဂါဆိုင်ရာ ဟောပြောခြင်းနှင့် အခမဲ့စမ်းသပ်စစ်ဆေးခြင်းကျင်းပရာ လူရည်ချွန် (၁၉၆၄-၁၉၈၈) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ယဉ်ယဉ်ထွန်း ဦးဆောင်သောအဖွဲ့မှ ဆရာဝန်ကြီးများက ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် သွားခံတွင်း၊ အသည်းရောင်အသားဝါဆိုင်ရာ ကဏ္ဍအလိုက် ဆေးစစ်ကုသညွှန်ကြားမှုများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြသည်ဟု သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**



## ကျန်းမာရေးအာမခံဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁**

ကျန်းမာရေးအာမခံဖော်ဆောင်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အမှာစကားပြောကြားရာတွင် ကျန်းမာရေးအာမခံကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းမှာ ပြည်သူအများအကျိုးစီးပွားအတွက်ဖြစ်ပါကြောင်း၊ အာမခံကုမ္ပဏီများအနေဖြင့် အရှုံးအမြတ် အဓိကမထားဘဲ ဆောင်ရွက်ကြစေလိုကြောင်း၊ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်ပြီး စတင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးအာမခံ စီမံချက်မူကြမ်းအတွက် အပြီးသတ်အတည်ပြုရန်ပြောကြားသည်။

ကျန်းမာရေးအာမခံ တစ်ယူနစ်အတွက် ကျသင့်ပရီမီယံကြေးမှာ တစ်နှစ်အတွက် ကျပ် ၅၀၀၀၀ ဖြစ်ကြောင်း၊ ခံစားခွင့်အတွက် ဆေးရုံတက်ခြင်းကြောင့် ဆေးကုသစရိတ်ကို တစ်ရက်လျှင် ကျပ် ၁၅၀၀၀ ဖြင့် ရက်ပေါင်း ၃၀ အထိ ခံစားခွင့်ရှိကြောင်း၊ မတော်တဆ ထိခိုက်မှုအတွက် သေဆုံးခြင်းကို ကျပ် ၁၀ သိန်းအထိ အများဆုံးခံစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးအာမခံကို အနည်းဆုံး တစ်ယူနစ်မှ အများဆုံး ငါးယူနစ်အထိ ဝယ်ယူနိုင်ကြောင်း၊ ဝယ်ယူသည့်ယူနစ်အလိုက် ခံစားခွင့် ပိုမိုရရှိမည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ်အတွင်း အာမခံကုမ္ပဏီများမှ ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**





# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မိုင်းဆတ်၊ မိုင်းတုံဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်သန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ် မိုင်းဆတ်မြို့ အစည်းအဝေးခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အုပ်ချုပ်ရေး တာဝန်ရှိသူများသည် ဒေသခံပြည်သူများ၏ လက်တွေ့တွေ့ကြုံခံစားနေသည့် အခြေအနေမှန်များကို ကိုယ်ချင်းစာစိတ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရှိရင်းသဘာဝအရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ပေါင်းစပ်၍ တိုးတက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နယ်မြေဒေသ မတည်ငြိမ်ခဲ့ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည်များကို စည်းလုံးညီညွတ်စွာ လက်တွဲကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင်လည်း အရည်အသွေးမြင့်မားလာစေရန် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအသီးသီးသည် အစိုးရဝန်ထမ်းများနှင့် ဒေသခံမြို့မိမြို့ဖများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်၍ မိမိဒေသ၏ လက်တွေ့ဘဝလိုအပ်ချက်များကို မိမိတို့မြို့နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရန် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများအတွက် အခက်အခဲဖြစ်စေသော မလိုအပ်သည့် ရုံးလုပ်ငန်းအဆင့်များကို ဖြေလျှော့ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့အားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ ဒေသခံပြည်သူများကို ကူညီစောင့်ရှောက်ဖို့အတွက် ဆိုသည့် အသိတရားထားရှိလုပ်ဆောင်ကြရန်လိုကြောင်း။

နှစ်အလိုက်ခွဲဝေရရှိသော ဘဏ္ဍာရေးရန်ပုံငွေများကို သတ်မှတ်ထားသည့် လုပ်ငန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေးအတွက် တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ ကြီးကြပ်ဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့်လုပ်ငန်းများ၊ ဒေသလိုအပ်ချက်များကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ မိမိခရိုင်/မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ မိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်၍ တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန်လိုကြောင်း။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်သော စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာမှ မြို့နယ်ကော်မတီသုံးရပ်၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မြို့မိမြို့ဖများနှင့် ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များကို နှစ်အလိုက်ဆောင်ရွက်မည့် အစီအမံများရေးဆွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေများ အလွဲသုံးစားမှုမဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများ လွယ်ကူအဆင်ပြေ ချောမွေ့စွာ လုပ်ကိုင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ အခွန်ဘဏ္ဍာငွေများလည်း တိုးပွားလာမည်ဖြစ်ကြောင်း၊ မိမိတို့အတ္တကိုရှေ့တန်းမတင်ဘဲ ပြည်သူလူထု၏အကျိုးစီးပွားကိုရှေးရှု၍ စေတနာထားလုပ်ဆောင်သွားကြရန် ပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရိုင်/မြို့နယ်များ၊ မိုင်းလားအထူးဒေသနှင့် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(ပန်ဆန်း)ဒေသများ၌ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၂**

မစ္စတာ ရောဘတ် လောအာအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လူဇင်ဘတ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရောဘတ် လောအာကို ၁၉၇၁ ခုနှစ်တွင် လူဇင်ဘတ်နိုင်ငံ လူဇင်ဘတ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်တွင် နိုင်ငံရေးနှင့်နိုင်ငံတကာဆက်ဆံရေးပညာ ဝိဇ္ဇာဘွဲ့ကို ဗြိတိန်နိုင်ငံ လန်ကက်စတာတက္ကသိုလ်မှ လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် အရှေ့ဥရောပဆိုင်ရာ မဟာဘွဲ့ကို ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှလည်းကောင်း အသီးသီးရရှိခဲ့သည်။ မစ္စတာ ရောဘတ် လောအာသည် ၂၀၀၀ ပြည့်နှစ်တွင် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး လူဇင်ဘတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဘရပ်ဆဲလ်မြို့နှင့် ဗီယင်နာမြို့တို့ရှိ လူဇင်ဘတ်သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် မစ္စတာ ရောဘတ် လောအာသည် ထိုင်းနိုင်ငံဆိုင်ရာ လူဇင်ဘတ်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။

**(သတင်းစဉ်)**

## ဟယ်လင်းနစ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဒီဇင်ဘာ ၂**

မစ္စတာ ပယ်ရီကလေ့စ် ဘူတို့စ်အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဟယ်လင်းနစ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပယ်ရီကလေ့စ် ဘူတို့စ်အား ၁၉၅၈ ခုနှစ်တွင် ဂရိနိုင်ငံ အေသင်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် လန်ဒန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး အဆိုပါတက္ကသိုလ်မှပင် ငွေကြေးဆိုင်ရာ စီးပွားရေးပညာရပ်ဖြင့် မဟာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် ဂရိနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗီယင်နာမြို့၊ ဗင်းနစ်မြို့၊ ဟယ်လ်စင်ကီးမြို့နှင့် ဒိုဗိုရိုစ်မြို့တို့ရှိ ဂရိသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ညွှန်ကြားမှုဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ပယ်ရီကလေ့စ် ဘူတို့စ်သည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း ၂-၁၂-၂၀၁၄

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ် |
| ၅း၄၀ | “မိတ်ကောင်းဆွေကောင်း”တရားတော်(ဓမ္မဒူတဒေါက်တာအရှင်ပညိဿရာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ”(အပိုင်း-၆၉) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (မဟာဂီတပညာရှင် ဆရာမကြီးများအား အာစရိယပူဇော်ပွဲ) |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ကျွန်တော့်ရဲ့နှလုံးသား” (အပိုင်း-၃၇) |
| ၄း၀၅ | Cartoon Series (English Playground) |
| ၄း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၅း၀၀ | ပျော်ပျော်ပါးပါး Junior လေးများ |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၀ | Health Fix |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) [နောက်ဆုံးတော့ ပုလဲဟာပုလဲပါပဲ] |
| ၈း၀၀ | MRTV-4 သတင်း |

# မိတ္ထီလာလူနေအိမ်ခေါင်မိုးပေါ်အထိ ကြော်ငြာများရောက်ရှိလာသော်လည်း တယ်လီနောဆင်းကတ်များကို ကျပ် ၁၅၀၀ ဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ခြင်းမရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၁**

မိတ္ထီလာမြို့ရပ်ကွက်နယ်မြေအနှံ့များရှိ လမ်းဘေးလူနေအိမ်ခြံစည်းရိုးများ၊ ဈေးဆိုင်ရှေ့မျက်နှာများနှင့် လူနေအိမ်ခေါင်မိုးများအပေါ်အထိ ကြော်ငြာများ ရောက်ရှိနေသော်လည်း တယ်လီနောဆင်းကတ်များကို ကုမ္ပဏီမှ သတ်မှတ်ထားသည့် ကျပ် ၁၅၀၀ ဖြင့် ဝယ်ယူသုံးစွဲရန် အလွယ်တကူမရရှိသေးကြောင်း သိရသည်။



“တယ်လီနော မိုဘိုင်းဖုန်းဆင်းကတ်နဲ့ ငွေဖြည့်ကတ်ကြော်ငြာတွေ မိတ္ထီလာမြို့ ရပ်ကွက်နယ်မြေအနှံ့အပြားကို ရောက်ရှိနေပါတယ်။ လမ်းဘေးလူနေအိမ်ခြံစည်းရိုးများ၊ ဈေးဆိုင်ရှေ့မျက်နှာစာတွေနှင့် လူနေအိမ်ခေါင်မိုးတွေပေါ်အထိ ကြော်ငြာတွေရောက်ရှိနေတယ်။ ဒါပေမယ့် ကုမ္ပဏီက သတ်မှတ်ထားတဲ့ တယ်လီနောဆင်းကတ် တစ်ကတ်ကို ကျပ် ၁၅၀၀ နှုန်းနဲ့ ဘယ်မိုဘိုင်းဖုန်းဆိုင်မှ ဝယ်လို့မရသေးဘူး။ မိုဘိုင်းဖုန်းဆိုင်တွေမှာ ကျပ် ၄၀၀၀ ကနေ ၅၀၀၀ အထိ ရောင်းချနေတုန်းပဲ။ ကြော်ငြာတွေမှာတော့ တယ်လီနောဆင်းကတ် တစ်ကတ် ကျပ် ၁၅၀၀ ၊ တစ်မိနစ်ပြောဆိုခ ၂၅ ကျပ်လို့ ကြော်ငြာထားပေမယ့် ကျပ် ၁၅၀၀ နဲ့ အမှန်တကယ်ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိသေးပါဘူး” ဟု မိတ္ထီလာဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် မိုဘိုင်းဖုန်းသုံးစွဲသူအများစုမှာ MPT၊ အော်ရီဒူးနှင့် တယ်လီနောဆင်းကတ်များကို သုံးစွဲကြသော်လည်း တစ်မိနစ်ခေါ်ဆိုခ ၅၀ ကျပ်ရှိ MPT ဆင်းကတ်များကို အဝင်ခေါ်ဆိုမှုသာ အများဆုံး အသုံးပြုနေကြပြီး တစ်မိနစ်ခေါ်ဆိုခ ၂၅ ကျပ်ဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောဆင်းကတ်များကို အဝင်၊ အထွက်ခေါ်ဆိုမှုအဖြစ် အသုံးပြုကြသည်။ အော်ရီဒူး မိုဘိုင်းဖုန်းဆင်းကတ်တစ်ကတ် ကျပ် ၁၅၀၀ ဖြင့် အလွယ်အကူရရှိနိုင်သော်လည်း တယ်လီနောဆင်းကတ်များကိုမူ ကျပ် ၁၅၀၀ ဖြင့် ဝယ်ယူသုံးစွဲနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

ပြည်တွင်းရေးရာ

❖ ကျောဖုံးမှ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ဆက်လက်ထောက်ခံအားပေးသွားမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိနော်ဝေနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့စဉ်က အဆွေတော် ဘုရင်မင်းမြတ်နှင့် နော်ဝေနိုင်ငံပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဝင်ယုံကြည်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထူးခြားချက်အနေဖြင့် မေ ၁၇ ရက်တွင် ကျရောက်သော နော်ဝေနိုင်ငံအမျိုးသားနေ့ (Constitution Day) တွင် ကလေးသူငယ်များအား ဦးစားပေး၍ ပျော်ရွှင်စွာ ဆို၊ တီး၊ ကခုန်လျက် ဘုရင့်နန်းတော်သို့ ချီတက်စဉ် မိဘများနှင့်အခမ်းအနားတက်ရောက်လာသူပရိသတ်များက ဝိုင်းဝန်းအားပေးနေကြသည့်မြင်ကွင်းမှာ မိမိရင်ထဲတွင် မမေ့နိုင်သော ကိစ္စဖြစ်သကဲ့သို့ လေးစားအတုယူစရာလည်းကောင်းပါကြောင်း၊ အဆွေတော်ဘုရင်မင်းမြတ်နှင့် မိဖုရား ကျန်းမာချမ်းသာပြီး နော်ဝေနိုင်ငံပြည်သူများ သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံ ဘုရင်မင်းမြတ်က မိမိ မြန်မာနိုင်ငံသို့ရောက်ရှိသည့်အခါ မြန်မာနိုင်ငံ၏ သာယာလှပမှုများစွာကို တွေ့ရှိခံစားရပါကြောင်း၊ ခမ်းနားထည်ဝါသောလွှတ်တော်ကြီးသို့ ရောက်ရှိချိန်တွင် ယခုလို လှိုက်လှိုက်လှဲလှဲ နွေးထွေးစွာကြိုဆိုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိ၏ခရီးစဉ်သည် နော်ဝေ-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ရည်ရွယ်ပါကြောင်း၊ ယခုအချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဟူသော ကြီးလေးသောတာဝန်ကြီးကို ထမ်းဆောင်နေရချိန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များတွင် နော်ဝေနိုင်ငံအနေဖြင့် ဆက်လက်အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အလျင်အမြန် ဆောင်ရွက်သင့်သည်များရှိသကဲ့သို့ စိတ်ရှည်သဘောထားကြီးစွာဖြင့် ဆောင်ရွက်သင့်သည်များလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပြီး ပါတီများ များပြားသဖြင့် ရွေးကောက်ပွဲကို တရားမျှတစွာကျင်းပနိုင်ရေးသည်လည်း ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ မိမိ၏ခရီးစဉ်မှသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးမောင်ဦး၊ ဦးစိုးနိုင်၊ ကော်မတီအတွင်းရေးမှူး ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော် ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဌေး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူ၊ နော်ဝေနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စွာမင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နော်ဝေနိုင်ငံဘုရင်နှင့် မိဖုရား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms.Ann Ollestad လည်း တက်ရောက်သည်။

နော်ဝေနိုင်ငံ ဘုရင်နှင့် မိဖုရားဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများက လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်ရှေ့တွင် **"မြန်မာ-နော်ဝေနှစ်နိုင်ငံချစ်ကြည်ရေး ခိုင်မြဲပါစေကြောင်းနှင့် နော်ဝေဘုရင်နှင့် မိဖုရား ကျန်းမာပါစေကြောင်း"**ဆုမွန်ကောင်းတောင်း၍ နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်းကာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# နှစ်စဉ်ရသုံးမှန်းခြေရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်စဉ်ရသုံးမှန်းခြေ ရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် လွှတ်တော်ရုံး ရုံးအမှတ်(၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ ပညာရှင် Robert Boothe က ပြည်သူ့အရင်းအမြစ်များ အသုံးချသည့်နေရာတွင် ထိထိရောက်ရောက် အသုံးချနိုင်ရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ဆောင်ရွက်သည့်ကိစ္စများ လုပ်ကိုင်သည့်နေရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်အောင် ကူညီပံ့ပိုးပေးခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် ရပ်နားလိုက်ပြီး ဒီဇင်ဘာ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးပူးပေါင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ဦးသိန်းဝင်းနှင့် ကော်မတီဝင်များ၊ ကမ္ဘာ့ဘဏ်မှ ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(ကြေးမုံ)**



# လျှပ်စစ်ပိုင်းဆိုင်ရာတွင် နော်ဝေနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ အဆိုပါပေါကြွယ်ဝသည့် အရင်းအမြစ်များကိုအခြေခံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀၀၀ ခန့်အထိ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလျှပ်စစ်ဓာတ်အားများအနက် ၄၀၀၀၀ မဂ္ဂါဝပ်မှာ ဖြစ်မြောက်နိုင်မှုရှိကြောင်းနှင့် လေ့လာဆန်းစစ်မှုများလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည့် "Hydropower in Myanmar- A framework for accelerated power production" ခေါင်းစဉ်ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ ရေအားလျှပ်စစ်ကဏ္ဍမှ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ ပူးပေါင်းကျင်းပသော ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ပြောကြားသည်။

**(အပေါ်ပုံ)**

မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဆိုင်ရာများတွင် နော်ဝေနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ၌ နော်ဝေနိုင်ငံမှ SN Power ကုမ္ပဏီအနေဖြင့် အလယ်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်နည်းပညာဖွံ့ဖြိုးမှုအကူအညီအဖြစ် နော်ဝေနိုင်ငံက အမေရိကန်ဒေါ်လာ ၁၃ သန်း ထောက်ပံ့ကူညီခဲ့ကြောင်းနှင့် ရေအားလျှပ်စစ်အကူအညီအဖြစ် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနအား In-house Consultant အဖြစ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

နော်ဝေနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေအားလျှပ်စစ်နှင့် ပတ်သက်၍ အတွေ့အကြုံအများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ နော်ဝေနိုင်ငံတွင်လည်း လျှပ်စစ်ဖြင့်ပင် ၉၈ ရာခိုင်နှုန်းအထိ ပေးထားနိုင်သည့်နိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လျှပ်စစ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများတွင် ယခုနှစ်မှစတင်ကာ အတိုင်ပင်ခံအနေဖြင့်ရော အကြံဉာဏ်ပေးမှုနှင့် အကောင်အထည်ဖော်မှုများတွင်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် Water Based Economy ဟု ခေါ်နိုင်သည့် ရေအခြေခံစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးနှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရေအားလျှပ်စစ်ကဏ္ဍမှ တာဝန်ရှိသူများ၊ နော်ဝေနိုင်ငံအခြေစိုက် NVE, SN Power တို့မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-နိုင်လင်းကြည်**
**ဓာတ်ပုံ-ကိုကိုနေ**

❋ ချင်းတောင်တန်းမှ

တွေ့ရှိရာ တောင်ယာ၌ သွားရောက်အလုပ်လုပ်ကိုင်နေရ၍ဖြစ်ကြောင်း သိရသည်။

နွားနောက်၊ ပြောင်၊ တောင်ဆိတ်၊ တောဝက် စသည့် တိရစ္ဆာန်ဦးခေါင်းခွံများချိတ်ဆွဲထားသော ရိုးရာအိမ်များမှာ မုဆိုးအိမ်များဖြစ်သည်ဟု ဒေသခံများက ပြောပြသည်။ မင်းတပ်မြို့မှ ပန်းအော့၊ အမ်မရောင်းတောင်မှ နှစ်မိုင်ခန့် ခြေကျင်ခရီးဆက်လျှင် နေဝင်ချိန်ရောက်သော် ဆန်းကြယ်လှစွာ ထောင်မတ်နေသည့် ကျောက်ပြားကြီးရှိပြီး လူသံများကြားရသည်ဟု နာမည်ကြီးသော ကြယ်တံခွန်ဟု အဓိပ္ပာယ်ရသည့် အားလှီတောင်ရှိသည်။ အားလှီတောင်မှနေ၍ တစ်ဖက်တောင်သို့ လှမ်းမျှော်ကြည့်လျှင် ထယ်ပန်းရွာ၊ ဟီလောင်းရွာနှင့် အလောင်းစည်သူမင်းကြီး တည်ထားခဲ့သည့် ဓာတ်တော်၊ မွေတော်များရှိရာ သမိုင်းဝင်အမ်းဘုရားရှိသည်။ ဆန်းကြယ်သော ဌာပနာပစ္စည်းများရှိကာ ဒေသခံရွာသားများက သိမ်းဆည်းထိန်းသိမ်းထားသည်ဟု သိရသည်။ မြင့်မားမတ်စောက်သော တောင်ကြီးများ၏ အောက်ခြေတောင်ကြားချိုင့်ဝှမ်းအတွင်းတွင် ချီချောင်းက စီးဆင်းလျက် ယောနယ် ကျောက်ထုမြို့အနီးတွင် ယောချောင်းနှင့် ပေါင်းဆုံသည်။

ချမ်းအေးသော ရာသီဥတုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် မိုးနှင့် ဆောင်းရာသီတို့တွင် မသိသာသော်လည်း နွေရာသီ၌ အပူချိန်မြင့်မားလာသည်ကို ဒေသခံများ သတိထားသိရှိလာကြပြီဖြစ်သော မင်းတပ်မြို့နှင့် မိုင် ၂၀ ပတ်ဝန်းကျင်တွင် တောင်ယာစိုက်ခင်းများက တောင်ကြောများတစ်လျှောက်အပြည့်ရှိနေသည်။ ထင်းရှူးနှင့် အခြားသစ်ပင်ကြီးများ မရှိသလောက်နည်းပါးလာပြီဖြစ်သည်။

အသက်(၁၈) နှစ်ရှိပြီဖြစ်သော ဒေသခံလူငယ်လေးနှစ်ဦးက ချင်းတောင်ဒေသ၏ အမှတ်သင်္ကေတဖြစ်သော အောက်ချင်းငှက်ကို မမြင်ဖူးကြဟု ဆိုသည်။ မင်းတပ်နှင့် မိုင် ၂၀ ကျော်ကွာဝေးသော ကန်ပက်လက်နှင့် မင်းတပ်မြို့နယ် ထိစပ်နေရာတွင် အောက်ချင်းငှက်များကို ၎င်းတို့စားသုံးသော သီးပင်များမှည့်ချိန်၌ အုပ်စုလိုက်တွေ့နိုင်သေးသည်ဟု ၎င်းတို့၏ဖခင်မုဆိုးကြီးက ပြောပြသည်။

စိမ့်စမ်းရေတံခွန်များနှင့် တောင်ကြားချိုင့်ဝှမ်းအတွင်း စီးဆင်းလျက်ရှိသော ချီချောင်းမှ တစ်ပိုင်တစ်နိုင် ၁၀ ကေဗွီ၊ ၅ ကေဗွီ ရေအားလျှပ်စစ်စက်ငယ်များဖြင့် မီးထွန်းလာချိန်တွင် ယခင်က ထင်းရှူးဆီမီးတိုင်သုံးသော ဓလေ့နှင့် ထင်းရှူးပင်အများစု ပျောက်ကွယ်သွားပြီဖြစ်သည်။

ညနေချိန်တွင် ကြားရသော မောင်းထောင်းသံ တဒုန်းဒုန်းနှင့် လူး၊ ဆပ်၊ ပြောင်း၊ ဆန် ကြိတ်ခွဲသံများ မကြားရတော့အောင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ(တစ်နည်း NGO)မှ ပံ့ပိုးထားသော လက်လှည့်ကြိတ်ခွဲစက်လေးများက တာဝန်ယူနေကြပြီဖြစ်သည်။

သို့သော် သစ်ပင်ကြီးများကို မီးရှို့၍ရသော ပြာနှင့် သစ်ရွက်ဆွေးမြေဩဇာ ကြိုက်နှစ်သက်သော လူးနှင့် ဆပ်များမှာ ထွက်နှုန်းကျဆင်းလာသည်ဟု ဒေသခံများက ပြောပြသည်။ တောင်စောင်းတစ်လျှောက် ဖောက်လုပ်ထားသော လမ်းတစ်လျှောက်တွင် ငါးအိမ်စု၊ ခြောက်အိမ်စု ရွာငယ်လေးများ တွေ့နိုင်၍ လူး၊ ဆပ်၊ ပြောင်းနှင့် ဆန်ကို ရောနှော၍ စားကြသည်။ ဤဒေသတွင် ရှေးယခင်ကပင် ပိုင်ဆိုင်သည်ဆိုသော မြေပိုင်ရှင်များနှင့် လွတ်ကင်းသည့်မြေဟူ၍ မရှိဟုဆိုသည်။

ထို့ကြောင့် တစ်ဧကလျှင် သုံးသောင်းမှ တစ်သိန်းအထိ မြေအမျိုးအစားလိုက် သီးစားခပေး၍ စိုက်ပျိုးကြရသည်။ အမျိုးသမီး၊ ကလေးနှင့် လူကြီးများသာ တောင်ယာလုပ်ကိုင်ကြ၍ လူငယ်လူရွယ်များမှာ မြို့ကြီးများနှင့် အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်ဟု ပြောပြသည်။ မြေပြန့်မရှိသော တောင်စောင်းတစ်လျှောက် ဆောက်ထားသည့် အိမ်များသည် တောင်စောင်းမတ်စောက်သလောက် အောက်ခြေရောက်အောင် ထောက်များ၊ တိုင်များ ဆက်စပ်တည်ဆောက်ရသည်ဖြစ်ရာ မြေပြန့်အိမ်တစ်လုံးထက် သစ်အသုံးပြုရမှု နှစ်ဆသုံးဆအထိ ကုန်ကျသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO)မှ ရေပိုက်၊ ရေလှောင်ကန်များ တည်ဆောက်ပေးထားသကဲ့သို့ စိမ့်စမ်းရေတံခွန်များပေါများသည့်အတွက် ရေအခက်အခဲ နည်းပါးသော်လည်း တိုးတက်လာသော လူဦးရေနှင့် အိမ်ရာများအတွက် ထင်းလောင်စာ အသုံးပြုရမှု ပိုမိုသက်သာသော ထင်းတစ်ချောင်းသုံးမီးဖိုများ အိမ်တိုင်းစေ့ သုံးစွဲနိုင်စေရန်၊ အိမ်ရာဆောက်လုပ်မှုပုံစံများ ပြောင်းလဲလာစေရန် နည်းပညာများ လိုအပ်လျက်ရှိကြောင်း၊ သက်တမ်းရင့်သစ်ပင်ကြီးများ အနည်းအကျဉ်းသာကျန်ရှိတော့ပြီး ဖုန်းဆိုးတောသာများနေသည့် ဤတောင်တန်းကြီးအနေဖြင့် ယခုလို သစ်(ထင်း) ထုတ်ယူသုံးစွဲနေမှုများကို ခံနိုင်ရည်မရှိတော့ကြောင်း၊ ရေရှည်တွင် စိုက်ပျိုးမြေအတွက်ပင် ခက်ခဲလာမည်ဖြစ်ကြောင်း ညပိုင်းခေါင်းရည်ပွဲတွင် ဒေသခံလူကြီးများ၏ ပြောပြချက်အရ သိရသည်။

ထိုထိုသော အကြောင်းခြင်းရာများကြောင့် သဘာဝအလှတရားများဖြင့် သာယာလှပနေသော မင်းတပ်မြို့ ပတ်ဝန်းကျင် ချင်းတောင်တန်းကြီးများ ကျောက်သားပကတိတောင်ကုန်းများအဖြစ်သို့ ရောက်ရှိမသွားစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအပိုင်းက အသိပညာပေးလုပ်ငန်းများ၊ ပံ့ပိုးကူညီမှုလုပ်ငန်းများ ပိုမိုတိုးတက်လုပ်ဆောင်ပေးရန်လိုအပ်သကဲ့သို့ ဒေသခံများအနေဖြင့်လည်း မိမိတို့တတ်စွမ်းသမျှ ဝိုင်းဝန်းထိန်းသိမ်းလုပ်ဆောင်ပေးကြရန် လိုအပ်ပါကြောင်း။ ။

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

# အစိုးရသစ်ကာလအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | **ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမြောက်အစီအမံများ ချမှတ်ခြင်း** | ❖ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်သူအားလုံးပါဝင်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်တစ်ခုအား NGOs, INGOs များ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် (၇)ကြိမ်တိုင်တိုင် ဆွေးနွေးတိုင်ပင်၍ **ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်**အား ရေးဆွဲခဲ့ပါသည်။<br>❖ အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်အား ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးဆောင်ကျင်းပသော အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲမှ **ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်**အား အတည်ပြုခဲ့ပါသည်။<br>❖ မဟာဗျူဟာမူဘောင်ပါ အောက်ဖော်ပြပါမဟာဗျူဟာ(၅)ရပ်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်-<br>  ❖ ဦးစားပေးရွေးချယ်၍ ဘက်ပေါင်းစုံထိရောက်စွာ အကောင်အထည်ဖော်ရေးမဟာဗျူဟာ၊<br>  ❖ ထပ်ပေါင်းနှင့်ထပ်ပွားဖွံ့ဖြိုးရေးရလဒ်များဖြစ်ထွန်းတိုးတက်ရေးမဟာဗျူဟာ၊<br>  ❖ ကောင်းမွန်သောကျေးလက်ဖွံ့ဖြိုးရေးစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ ချမှတ်ဆောင်ရွက်သွားရန် မဟာဗျူဟာ၊<br>  ❖ စဉ်ဆက်မပြတ်ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိရေးမဟာဗျူဟာ၊<br>  ❖ ထိရောက်စွာပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးမဟာဗျူဟာ၊<br>❖ မဟာဗျူဟာမူဘောင်အား လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များအား ကျွမ်းကျင်ပညာရှင်များနှင့် ရေးဆွဲပြုစုလျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေတိုးပွားရေးလုပ်ငန်းများအပါအဝင်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၂။ | **ပြည်သူဗဟိုပြုကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း** | ❖ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုအထောက်အကူဖြစ်စေရန် ရည်မှန်း၍ ကျေးလက်နေပြည်သူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ကိုယ်တိုင်လေ့လာသုံးသပ်၍ လိုအပ်သည့်စီမံချက်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြန်လှန်သုံးသပ်ခြင်းစသည့် ပြည်သူဗဟိုပြုကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။<br>❖ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အောက်ခြေကျေးရွာအဆင့်တွင် ကျေးရွာပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ဘဏ္ဍာရေးကော်မတီများ၊ ပစ္စည်းဝယ်ယူရေးကော်မတီများ ဖွဲ့စည်း၍ ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။<br>❖ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်လည်း လက်စွဲစာစောင်များ၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုကာကွယ်ရေးအစီအမံများ၊ မကျေနပ်မှုတိုင်ကြားရေးအစီအမံများရေးဆွဲပြုစုပြီး လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာပြည်သူများအပါအဝင် စီမံကိန်းပါဝင်ဆောင်ရွက်သူအားလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက်လည်း သင်တန်းများအား အဆင့်ဆင့်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။<br>❖ ကျေးရွာလူထုမှ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်စီမံကိန်းကျေးရွာအုပ်စုတစ်ခုလျှင် ခန့်မှန်းငွေကျပ်(၂၇၀)သိန်းကို (၃)နှစ်ဆက်တိုက်ထောက်ပံ့ပေးလျက်ရှိပါသည်။<br>❖ အဆိုပါ **လူထုဗဟိုပြုစီမံကိန်း**ကို ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့ငွေအမေရိကန်ဒေါ်လာသန်း(၈၀)ဖြင့် ပြည်နယ်/တိုင်းဒေသကြီးအားလုံးရှိ မြို့နယ်တစ်မြို့နယ်စီ စုစုပေါင်း(၁၅)မြို့နယ်ရှိ ကျေးရွာအုပ်စုအားလုံးနှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ (၁၂)သန်းဖြင့် ကျေးရွာအုပ်စု(၆၄)စုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။<br>❖ အဆိုပါ စီမံကိန်းကို အီတလီဖွံ့ဖြိုးရေးအဖွဲ့၏ အတိုးမဲ့ချေးငွေ ယူရိုသန်း(၂၀)ဖြင့် အခြားမြို့နယ်များနှင့် ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတော်အစိုးရ၏ ထည့်ဝင်ငွေများဖြင့် ကျန်မြို့နယ်များတွင် တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။<br>❖ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်အရ ကျေးရွာလူထုအနေဖြင့် မိမိတို့၏ ဦးစားပေးလိုအပ်ချက်များကို ကိုယ်တိုင်လေ့လာသုံးသပ်ဖော်ထုတ်၍ စီမံချက်ရေးဆွဲဆောင်ရွက်နိုင်ရန် **မြစိမ်းရောင်ကျေးရွာစီမံကိန်း**ကို ယခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း(၁၄၅၀)ရွာ၌ ကျပ်ငွေ (၄၃ ဒသမ ၅)ဘီလီယံဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲ၍ စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါသည်။ မြစိမ်းရောင်စီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း(၃၀) မတည်၍ ကျေးရွာကော်မတီအစီအစဉ်ဖြင့် ကျေးလက်ပြည်သူများအား သက်သာသော အတိုးနှုန်း (သုည ဒသမ ၅ မှ ၁ ဒသမ ၅ရာခိုင်နှုန်း) ဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။ နောင်ဘဏ္ဍာရေးနှစ်များတွင်လည်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၃။ | **နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေ** | ❖ ယခင်က ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းပေါင်း(၄)ဖွဲ့ဖြင့်သာ ပူးပေါင်းဆောင်ရွက်နိုင်ရာမှ ယခုအခါနိုင်ငံတကာအဖွဲ့အစည်းပေါင်း(၂၇)ဖွဲ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း၊ တံတား၊ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး၊ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား US$ (၂၀၀ ဒသမ ၇၀၉၁)သန်းနှင့် Euro(၂၇) သန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၄။ | **အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု** | ❖ ဝန်ကြီးဌာနအနေဖြင့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လျှော့ချရေးလုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံကိုယ်စားပြု ပင်မဆက်သွယ်ရာဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အာဆီယံအစည်းအဝေးနှင့် ဆက်စပ်ပစ္စည်းအဝေးများနှင့် ဖိုရမ်များတွင် မြန်မာနိုင်ငံကိုယ်စားပြု အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်နိုင်ရေးအတွက် မြန်မာ NGO/CSO မိတ်ဖက်အဖွဲ့ဖွဲ့စည်း၍ အာဆီယံရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာပြည်သူ့ဖိုရမ်ကဲ့သို့သော ဖိုရမ်များကျင်းပ၍ သဘောထားအမြင်များဖလှယ်ကာ နီးနီးကပ်ကပ်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ |
| ၅။ | **ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု** | ❖ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခင်က ဦးစီးဌာနဝန်ထမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော်လည်း ယခုအစိုးရသစ်လက်ထက်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဘဏ္ဍာငွေလွှဲပြောင်းပေးပို့ပြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တင်ဒါစနစ်အသုံးပြုကာဆောင်ရွက်စေခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီစုစုပေါင်း **(၃၃၄)**ခုအား လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီစုစုပေါင်း**(၇၁၀)**ခုအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ၍ ဆောင်ရွက်စေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိစေရန်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ |
| ၆။ | **ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မှု အခြေအနေ** | ❖ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဦးစီးဌာနမှ ကျေးလက်လမ်း/တံတား၊ ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် သန့်ရှင်းသော၊ ကျေးလက်မီးလင်းရေးနှင့်ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအား စတင်ပေါ်ပေါက်လာသည့် (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်မှ စတင်၍ လက်ရှိ (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းပေါင်း (၈၃၉၇/၄၄၆)မိုင်နှင့်ကျေးလက်တံတားပေါင်း(၁၃၉၀၄၂)ပေတို့အား ငွေကျပ်သန်း (၃၅၀၀၁၂ ဒသမ ၆၄)ဖြင့်လည်းကောင်း၊ ကျေးလက်ဒေသရေရှိရေးလုပ်ငန်းများအား ကျေးရွာပေါင်း (၃၅၇၂၅)ရွာတွင် ငွေကျပ်သန်းပေါင်း(၆၄၂၂၀)ဖြင့်လည်းကောင်း၊ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများအား ကျေးရွာပေါင်း(၂၆၅၆)ရွာတွင် ငွေကျပ်သန်းပေါင်း(၄၁၇၁၃ ဒသမ ၁၂၈၆)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ |
| ၇။ | **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မှု** | ❖ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဌာနအတွင်းရှိ ဝန်ထမ်းများအပြင် ကျေးလက်ဒေသများတွင်နေထိုင်သော ပြည်သူလူထုများကိုပါ အသိပညာဗဟုသုတများဖွံ့ဖြိုးစေခြင်းဖြင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိပါသည်။ ဌာနတွင်းဝန်ထမ်းများအား ပြည်တွင်း/ပြည်ပသို့ သင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်ကျွမ်းကျင်မှုဆိုင်ရာဆွေးနွေးပွဲများစေလွှတ်ခြင်းများဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းသင်တန်းဖွင့်လှစ်ပို့ချမှုအနေဖြင့် သင်တန်းပေါင်း(၂၁)ခုအား အကြိမ်ရေ(၅၀၁)ကြိမ်နှင့် သင်တန်းသားပေါင်း(၅၁၀၂)ဦးတို့အား စွမ်းဆောင်ရည်ဆိုင်ရာအသိပညာများ မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ပသင်တန်းများအနေဖြင့် အာရှ၊ ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများအပါအဝင် နိုင်ငံပေါင်း (၁၇)နိုင်ငံသို့ အရာထမ်း(၁၁၄)ဦးနှင့် အမှုထမ်း(၁၂)ဦး စုစုပေါင်း(၁၂၆)ဦးတို့အား ပေးပို့စေလွှတ်၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ |

## မုံရွာမြို့၌ အခွန်ဆိုင်ရာရှင်းလင်းပွဲ ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ မြို့နယ်အတွင်းရှိ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ အခွန်ထမ်းပြည်သူ ၁၀၀ တက်ရောက်ပြီး အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကုန်သွယ်လုပ်ငန်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်နှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းဦးက လည်းကောင်း၊ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်နှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်တောင်းက လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်အခွန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်ထည်ဖော်

**ဒိုက်ဦး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပန္ဒတ်ကျေးရွာသို့ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ ဦးသိန်းမြင့်နှင့် မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့မှ နိုဝင်ဘာ ၂၇ ရက်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန္ဒတ်ကျေးရွာ မြစိမ်းရောင်ကော်မတီအဖွဲ့များနှင့် တွေ့ဆုံ၍ ချေးငွေဖြင့် ဆောင်ရွက်ထားသည့် ကျေးရွာနေပြည်သူများ၏ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့လုပ်ကိုင်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# ဘရာဇီးတွင် စုံတွဲ ၂၀၀၀ နီးပါး စုပေါင်းလက်ထပ်ပွဲ ကျင်းပ



**ရီယိုဒီဂျနေရိုး ဒီဇင်ဘာ ၁**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၏ အားကစားရုံတစ်ရုံအတွင်း၌ ဘရာဇီးနိုင်ငံသားစုံတွဲ ၂၀၀၀ နီးပါးတို့ လက်ထပ်ပွဲကျင်းပခဲ့ကြရာ ၎င်းမြို့၏ သမိုင်းတွင် အကြီးမားဆုံးသော စုပေါင်းလက်ထပ်ပွဲဖြစ်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နှစ်စဉ်ကျင်းပသော ဤစုပေါင်းလက်ထပ်ပွဲသည် မင်္ဂလာလက်ထပ်ပွဲ ကုန်ကျစရိတ်မတတ်နိုင်သည့် ဝင်ငွေနည်းပါးသော စုံတွဲများကို ကူညီရန် ရည်ရွယ်ခြင်းဖြစ်သည်။ စုံတွဲများနှင့် ၎င်းတို့၏ ဧည့်သည်များအတွက် အထူးရထားများကို ရီယိုအာဏာပိုင်များက ကြိုတင်ငှားရမ်းပြေးဆွဲသည်။ မီရာကာနာဇင်ဟို အားကစားရုံ၌ ကျင်းပသော မင်္ဂလာပွဲအခမ်းအနားသို့ ခန့်မှန်းခြေဧည့်သည် ၁၂၀၀၀ ခန့် တက်ရောက်ခဲ့သည်။ မိသားစုဝင်ငွေ ဒေါ်လာ တစ်လလျှင် ဒေါ်လာ ၁၀၀၀ ထက်နည်းသော စုံတွဲများကိုသာလျှင် ပါဝင်လက်ထပ်ခွင့်ပြုသည်။ အခမ်းအနားကို တရားသူကြီးများက မေတ္တာဖြင့် အကူအညီပေးသည်။ ခရစ်ယာန်ဘုန်းတော်ကြီးရှစ်ပါးက စုံတွဲများကို ကောင်းချီးပေးခဲ့သည်။ **ဘီဘီစီ။**

# ပြန်ပေးဆွဲခံရသော ကိုလံဘီယာဗိုလ်ချုပ်ကြီး ပြန်လည်လွတ်မြောက်



**ဘိုဂိုတာ ဒီဇင်ဘာ ၁**

လွန်ခဲ့သော နှစ်ပတ်အကြာက ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်အဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရသော ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် သူ၏အပေါင်းအပါနှစ်ဦးတို့သည် ယမန်နေ့က ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ကိုလံဘီယာသမ္မတက ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီး ရူဒ်ဘန်ဒါရိုင်ရိုအယ်လ်ဇေ့ထ်နှင့် အပေါင်းပါနှစ်ဦးတို့အား နိုင်ငံတကာကြက်ခြေနီအဖွဲ့ ဦးဆောင်သော လူသားချင်းစာနာထောက်ထားရေးအဖွဲ့ တစ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သမ္မတဂျူအန်မန်နျူရယ်ဆန်တို့စ်က ပြောသည်။

နိုဝင်ဘာ ၂၆ ရက်က ဗိုလ်ချုပ်ကြီးအားဖမ်းဆီးခေါ်ဆောင်ခြင်းသည် ကျူးဘားတွင် ဆွေးနွေးနေသော ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်အဖွဲ့နှင့် အစိုးရအဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆိုင်းငံ့ထားရန် သမ္မတအပေါ် တွန်းအားတစ်ခု ဖြစ်စေခဲ့သည်။

သမ္မတဆန်တို့စ်က ယခုအပတ်အစောပိုင်းက ဓားစာခံများအား ပြန်လည်လွှတ်ပေးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးနှင့် အပေါင်းပါများသည် အယ်ထရာတိုမြစ်ကို လှေဖြင့် ဖြတ်သန်းနေစဉ်တွင် ဖမ်းဆီးခြင်းခံခဲ့ရခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး ပြန်လည်လွတ်မြောက်လာပြီးနောက် သမ္မတက ၄၈ နာရီအတွင်း အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။ ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်အဖွဲ့က ဗိုလ်ချုပ်ကြီးအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း၏ အကြောင်းရင်းမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနေစဉ်အတွင်း သမ္မတအနေဖြင့် တိုက်ခိုက်ရေးကို တိုးမြှင့်ဆောင်ရွက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ **ဘီဘီစီ။**

# ဗြိတိသျှဝန်ကြီးချုပ်၏ ကိုယ်စားလှယ်အဖွဲ့အား ဟောင်ကောင်မသွားရန် တရုတ်တားမြစ်

**ပေကျင်း ဒီဇင်ဘာ ၁**

တရုတ်နိုင်ငံက ဗြိတိသျှဝန်ကြီးချုပ်၏ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဟောင်ကောင်သို့သွားမည့်ခရီးစဉ်ကို တားမြစ်ပိတ်ပင်ခဲ့ပြီး ဗြိတိသျှကိုလိုနီဟောင်းနယ်မြေသို့သွားမည့် ၎င်းတို့၏ ခရီးစဉ်မှာ ဟောင်ကောင်အကြီးအကဲများကို ပြောင်ကျကျ ထိပ်တိုက်ရင်ဆိုင်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ယင်းခရီးစဉ်သည် ပေကျင်းအစိုးရ၏ ဝင်ရောက်စွက်ဖက်မှုမပါဘဲ ဟောင်ကောင်ဒေသခံများ၏ ဆန္ဒအတိုင်း အုပ်ချုပ်ရေးမှူးရွေးချယ်ခွင့်နှင့်ပတ်သက်၍ ဟောင်ကောင်ဒီမိုကရေစီလှုပ်ရှားတောင်းဆိုနေမှုများကို ဆက်လက်ဖြစ်ပွားစေနိုင်သည်။

နိုင်ငံခြားရေးကော်မတီများက ဗြိတိန်နိုင်ငံနှင့် တရုတ်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ ၁၉၈၄ ခုနှစ် ပူးတွဲကြေညာချက် ထုတ်ပြန်ပြီးနောက် ဆက်ဆံရေးများကိုပြန်လည်သုံးသပ်လျက်ရှိသည်။ ၁၉၉၇ ခုနှစ်တွင် ဟောင်ကောင်ဒေသကို တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ်၏ ကိုယ်စားလှယ်အဖွဲ့က ဟောင်ကောင်သို့သွားရောက်ရန် လန်ဒန်မြို့ရှိ တရုတ်သံရုံးသို့ အကြောင်းကြားခဲ့ရာ ငြင်းပယ်ခံခဲ့ရကြောင်း နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ရစ်ချက်အော့တားဝေးက ပြောကြားသည်။ ပူးတွဲကြေညာချက်တွင် ဟောင်ကောင်ဒေသကို တစ်နိုင်ငံ စနစ်နှစ်မျိုးဖြင့်အုပ်ချုပ်ခဲ့ပြီး တရုတ်ပြည်မကြီးထက် ပိုမိုလွတ်လပ်ခွင့် ရရှိရမည်ဖြစ်သည်။

ဟောင်ကောင်တွင်ဖြစ်ပွားနေသည့် အခြေအနေမှာ တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ပြီး ပြည်ပနိုင်ငံများအနေဖြင့် ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း ဗြိတိန်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ကိုငြင်းပယ်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဟူချောင်ယင်က ပြောကြားသည်။ **အေအက်ဖ်ပီ။**

# အနောက်အာဖရိကတွင် အီဘိုလာကြောင့် သေဆုံးသူ ၇၀၀၀ နီးပါးရှိ

**ဒါကာ ဒီဇင်ဘာ ၁**

အနောက်အာဖရိကတွင် အီဘိုလာရောဂါဆိုးရွားစွာဖြစ်ပွားခြင်းကြောင့် သေဆုံးသူအရေအတွက်မှာ ၇၀၀၀ နီးပါးရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ဒဗလျူအိပ်ချ်အိုက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သော အရေအတွက်ထက် ၁၂၀၀ ပိုများလာကာ စုစုပေါင်း ၆၉၂၈ ဦးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယခုကဲ့သို့ ရုတ်တရက် များပြားလာရခြင်း၏ အကြောင်းရင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရှင်းလင်းပြောကြားခြင်း မရှိသော်လည်း ယခင်သေဆုံးပြီး သတင်းမပို့ခဲ့ကြသော အရေအတွက်များ ယခုမှပါဝင်လာခြင်း ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။ **ရိုက်တာ။**

# တောင်ကိုရီးယားငါးဖမ်းသင်္ဘော ရုရှားကမ်းလွန်တွင် နစ်မြုပ်

**မော်စကို ဒီဇင်ဘာ ၁**

ရုရှားကမ်းလွန် ဘာရင်းပင်လယ်ပြင်တွင် တောင်ကိုရီးယား ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၅၀ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းတွင် ယနေ့ဖော်ပြသည်။

သင်္ဘောသားများက ငါးဖမ်းပိုက်ကွန်ကို အတူတကွဆွဲမနေစဉ်တွင် လှိုင်းလုံးကြီးများ ပုတ်ခတ်သဖြင့် သင်္ဘောနစ်မြုပ်သွားခြင်းဖြစ်ကြောင်း ရုရှားပင်လယ်ရေကြောင်းကယ်ဆယ်ရေးအဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။

အဆိုပါသင်္ဘောသည် သက်တမ်းအားဖြင့် ၃၆ နှစ်ရှိပြီဖြစ်သည်။ သင်္ဘောတွင် ရုရှားတစ်ဦး၊ တောင်ကိုရီးယား ၁၁ ဦး၊ ဖိလစ်ပိုင် ၁၃ ဦးနှင့် အင်ဒိုနီးရှား ၃၅ ဦးတို့အပါအဝင် စုစုပေါင်း ၆၀ တို့ လိုက်ပါခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုကို ရာသီဥတုဆိုးရွားမှုကြောင့် ခေတ္တရပ်ဆိုင်းထားသည်။ **ရိုက်တာ။**



# အီရတ်တပ်မတော်တွင် တစ္ဆေစစ်သည် ၅၀၀၀၀ ရှိကြောင်း ဝန်ကြီးချုပ်ထုတ်ဖော်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁**

အီရတ်နိုင်ငံတွင် “တစ္ဆေစစ်သည်များ”ဟု ခေါ်ဆိုကြသည့် အမည်သာရှိ၍ လူမရှိသော တပ်ဖွဲ့ဝင်များအရေကို စုံစမ်းစစ်ဆေးရာတွင် အနည်းဆုံး အရေအတွက် ၅၀၀၀၀ ရှိကြောင်း ဝန်ကြီးချုပ် ဟိုင်ဒါ အဲလ်-အဘာဒီ၏ ပြောကြားချက်ကို ယနေ့ ဗွီအိုအေက ကြေညာသည်။

နိုင်ငံတော်၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် အမှန်တကယ်မရှိသော ၎င်းတပ်ဖွဲ့ဝင်များအတွက် လစာငွေများ ထုတ်ပေးလျက်ရှိသည်ဟု ဆိုသည်။

ဝန်ကြီးချုပ်က အီရတ်လွှတ်တော်အမတ်များကို တနင်္ဂနွေနေ့တွင် မိန့်ခွန်းပြောကြားရာ၌ အဆိုပါတွေ့ရှိချက်အား ထုတ်ဖော်ပြောကြားခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့သည်။

အဘာဒီသည် ယခင်ဝန်ကြီးချုပ်ဟောင်း နိုရီအဲလ်-မာလီကီ လက်ထက်တွင် အမှုထမ်းခဲ့ကြသည့် ထိပ်တန်းတပ်မှူးအချို့ကို အလုပ်မှ ထုတ်ပယ်ခြင်း သို့မဟုတ် တာဝန်မှ အနားယူစေခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။

လစာစာရင်းတွင် ဖော်ပြထားသော လုပ်ကြံဖန်တီးထားသည့် တပ်ဖွဲ့ဝင်များ၏ လစာငွေကို တပ်မှူးများနှင့် အခြားတာဝန်ရှိသူတို့က ထုတ်ယူခဲ့သည်။ **ဗွီအိုအေ။**

# အာဖဂန်နစ္စတန်တွင် အသေခံဗုံးခွဲ ကိုးဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၁**

အာဖဂန်နစ္စတန်မြောက်ပိုင်းတွင် အသုဘအခမ်းအနားတစ်ခု၌ အသေခံဗုံးခွဲမှုတစ်ခုဖြစ်ပွားရာ လူကိုးဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနတွင် ယနေ့ဖော်ပြသည်။

အရပ်သားခုနစ်ဦးနှင့် ရဲအရာရှိနှစ်ဦး သေဆုံးခဲ့ပြီး အရပ်သား ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘတ်ဂျ်လန်စီရင်စု အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗုံးဖောက်ခွဲမှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်သည်ကိုမူ တိကျစွာမပြောနိုင်သေးပေ။

နိုင်ငံတကာစစ်တပ်သည် ဆယ်စုနှစ်တစ်စုတိုင် စစ်ဆင်ရေးများဆင်နွှဲပြီးနောက် နိုင်ငံအတွင်းမှ ပြန်လည်ဆုတ်ခွာသွားခဲ့သောကြောင့် တာလီဘန်စစ်သွေးကြွများသည် ယခုနှစ်အတွင်း လူအများအပြား သေဆုံးစေသော တိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေခဲ့သည်။ နိုင်ငံခြားသားဧည့်သည်များ တည်းခိုသည့် ဧည့်ဂေဟာများ၊ သံရုံးကားများ၊ အမေရိကန်တပ်ဖွဲ့များ၊ အာဖဂန်စစ်တပ်ဖွဲ့ယာဉ်တန်းများနှင့် အမျိုးသမီးလွှတ်တော်အမတ်များကို အဓိကထား အကြမ်းဖက်တိုက်ခိုက်လျက်ရှိသည်။

လွန်ခဲ့သောအပတ်က ပတ်တီကာစီရင်စုအရှေ့ပိုင်းတွင် ကျင်းပခဲ့သော ဘော်လီဘောပြိုင်ပွဲတစ်ခုတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲအရာရှိများအပါအဝင် လူ၅၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **ရိုက်တာ။**



## ကြည့်မြင်တိုင် ပန်းတည်းတန်းအရုဏ်တော်ဝတ်အသင်းမှ ရွှေပြားသင်္ကန်းတော်များလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁**
ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်တော်ဝင်လမ်းရှိ ပန်းတည်းတန်း အရုဏ်တော်ဝတ်အသင်းကြီးက ကြီးမှူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား (၇၃)ကြိမ် ဆက်ကပ်လှူဒါန်းမည့် ငွေကျပ် ၁၁၅၂ သိန်းတန်ဖိုးရှိ ရွှေစင်ရွှေပြားသင်္ကန်းတော် အပြား ၁၁၀ ရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက်က အသင်းမဏ္ဍာရုံ အလှူတော်မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

နံနက်အရုဏ်တွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၅၉ ပါးတို့အား အရုဏ်ဆွမ်းများ ဆက်ကပ်ခဲ့ကြပြီး စာရေးတံမဲများ ဖွင့်ဖောက်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ရွှေပြားသင်္ကန်းတော်များပေးအပ်ခြင်းကို ဆက်လက်ဆောင်ရွက်ရာ အသင်းကြီး၏သြဝါဒါစရိယ ဆရာတော် ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တ သံဝရဗောဓိ (ရွှေလှိုင်ဆရာတော်) ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ခဲ့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် အလှူရှင်များက အသင်းကြီး၏ သြဝါဒါစရိယဆရာတော်များ၊ အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းနှင့် ရပ်မိရပ်ဖများ၊ အသင်းမှ တာဝန်ရှိသူများထံ ရွှေပြားသင်္ကန်းတော်များကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ အသင်းကြီး၏ သြဝါဒါစရိယ ဆရာတော် သရက်တောမှန်ကျောင်းတိုက်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတထံမှ ရေစက်ချတရားနာယူခဲ့ကြသည်။

ယင်းနောက် ရွှေပြားသင်္ကန်းတော်များကို အသင်းကြီးမှ ဦးဆောင်၍ အလှူရှင်များနှင့်အတူ ရွှေတိဂုံစေတီတော်သို့သွားရောက်၍ ရွှေပြားသင်္ကန်းတော်များကိုကိုင်ဆောင်ကာ လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ခဲ့ပြီး ဘုရားကြီး၏ ဂေါပကအဖွဲ့ထံ ရွှေပြားသင်္ကန်းတော်များကို ပေးအပ်ခဲ့ကြသည်။

ပန်းတည်းတန်း အရုဏ်တော်ဝတ်အသင်းကြီးအနေဖြင့် (၇၃)ကြိမ်မြောက်တွင် ရွှေစင်ရွှေပြားသင်္ကန်းတော်အတွက် ငွေကျပ် ၁၁၅၂ သိန်း၊ တရားဟောမဏ္ဍကထိက ဆရာတော်ကိုးပါးအတွက် ငွေကျပ် ၇၄၈၉၀၀၀၊ စာရေးတံမဲအဖြစ် ငွေကျပ် ၄၈၅၈၇၆၅ ဖြစ်ပြီး စုစုပေါင်း လှူဒါန်းမှုမှာငွေကျပ် ၁၂၇၅၄၇၇၆၅ ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ပင်လယ်ငါး၊ ပုစွန်များကို သဘာဝဖမ်းဆီးရေးအပြင် မွေးမြူထုတ်လုပ်နိုင်ပါက နိုင်ငံခြားဝင်ငွေတိုးတက်ရရှိနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁**
မြန်မာနိုင်ငံ၏ ယခုနှစ် ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုကို အမေရိကန်ဒေါ်လာသန်း ၇၀၀ လျာထားသတ်မှတ်သော်လည်း မပြည့်မီနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌတစ်ဦးက ပြောသည်။

"ပြည်ပတင်ပို့မှုကျဆင်းတာက ပင်လယ်ပိုင်းက ဖမ်းဆီးရရှိမှုမှာလည်း နည်းလာတယ်။ ခရီးသွားလုပ်ငန်း တက်လာတော့ ဟိုတယ်၊ စားသောက်ဆိုင်တွေ ဖွင့်တာများလာတာတွေကြောင့်လည်း ရေငန်ငါး၊ ပုစွန်ရဲ့ တချို့တစ်ဝက်က ပြည်တွင်းစားသုံးမှုဖြစ်လာတယ်။ အဲဒီနှစ်ချက်ပေါင်းလိုက်တော့ သတ်မှတ်လျာထားချက်မပြည့်မီရုံသာမက မနှစ်ကထက်ကို နိမ့်သွားတာပေါ့" ဟု အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ကုန်းတွင်းပိုင်း အင်းအိုင်မွေးမြူရေးလုပ်ငန်းဟူ၍ ရှိရာတွင် ပင်လယ်ပြင်ဖမ်းဆီးရေးမှရရှိသည့် ငါး၊ ပုစွန်များသာ ပြည်ပတင်ပို့မှုများကြောင်း သိရသည်။

ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုကို တိုးမြှင့်ရာတွင် အရင်းအနှီးလိုအပ်ချက်နှင့် ဘဏ်စနစ်တွင် အားနည်းချက်အချို့ ရှိနေသေးကြောင်းကို "လုပ်ငန်းရှင်တွေမှာ လုပ်ငန်းကို ချဲ့ချင်ပေမယ့် ငွေမရှိဘူး၊ အရင်းအနှီးလိုတယ်၊ လုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်ကို စနစ်တကျပံ့ပိုးပေးနိုင်မယ်၊ ခေတ်မီနည်းစနစ်တွေနဲ့ နိုင်ငံတကာဈေးကွက်ဝင်ပစ္စည်းမျိုးကို ထုတ်နိုင်မယ်ဆိုရင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုက တက်စရာအခွင့်အရေးအများကြီးရှိပါတယ်။ ဈေးကွက်ချဲ့လို့ရပါတယ်"ဟု အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက သုံးသပ်သည်။

ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုကို ယခုနှစ်ကဲ့သို့ပင် လျာထားသတ်မှတ်ခဲ့သော်လည်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိခဲ့သည်။ ယခုနှစ်တွင်မူ သန်း ၅၀၀ မပြည့်မီနိုင်တော့ဟုလည်း သတ်မှတ်ကာလသုံးလအလိုတွင် ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်အချို့က ခန့်မှန်းကြသည်။

"မြန်မာနိုင်ငံက ရေ၊ မြေ၊ ရာသီဥတုကောင်းပြီးရေထုညစ်ညမ်းမှုလည်း မရှိသေးပါဘူး။ မွေးမြူရေး မတိုးတက်ဘဲနဲ့ ပြည်ပတင်ပို့မှုက မတက်နိုင်ပါဘူး။ ဗီယက်နမ်၊ ထိုင်းနိုင်ငံတွေအောင်မြင်တာ စီမံကိန်းသေချာဆွဲပြီးလုပ်လို့ဖြစ်ပါတယ်။ အတွေ့အကြုံရှိတဲ့ လုပ်ငန်းရှင်တွေ၊ အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းပြီး စီမံကိန်းသေချာရေးဆွဲဆောင်ရွက်ရင် မြန်မာနိုင်ငံရဲ့ ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိလာမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းအေးက ပြောသည်။

**(နန္ဒာဝင်း)**

## ခရိုင်ပြည်သူ့ဆေးရုံဝင်း သန့်ရှင်းရေးဆောင်ရွက်

**မအူပင် ဒီဇင်ဘာ ၁**
မအူပင်ခရိုင် အထွေထွေရောဂါကုပြည်သူ့ဆေးရုံဝင်း သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ခရိုင်/မြို့နယ်ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများက နိုဝင်ဘာ ၃၀ ရက်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မအူပင်ခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိတ်အေးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးမြင့်အောင်တို့၏ ကြီးကြပ်မှုဖြင့် ပိတ်ဆို့နေသည့် ရေမြောင်းများ ရေစီးရေလာကောင်းစေရန် တူးဖော်ခြင်း၊ မြက်ပင်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မုံရွာမြို့တွင်း ခေါက်တိုခရီးသည်တင်မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲသွားမည်

**မုံရွာ ဒီဇင်ဘာ ၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာရုံးများအပြင် အဆင့်မြင့်ပညာသင်တက္ကသိုလ်များတည်ရှိရာ မြို့တစ်မြို့ဖြစ်ရာ အဆိုပါရုံးများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရတနာလင်းသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်အသင်းမှ မီနီထရပ်များဖြင့် လိုင်းသစ်များ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန်စီစဉ်နေမှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့မြို့က "တိုင်းဒေသကြီးရုံးစိုက်တဲ့မြို့ဖြစ်တဲ့အတွက် တခြားတိုင်းဒေသကြီး/ပြည်နယ်ရုံးစိုက်ရာ မြို့တွေလို ခေတ်မီတဲ့ မြို့တွင်းသယ်ယူပို့ဆောင်ရေးစနစ်ကိုဖော်ဆောင်တဲ့အနေနဲ့ တိုးချဲ့ပြေးဆွဲသွားမှာပါ။ ယာဉ်စီးခနှုန်းထားများကိုလည်း လက်ရှိနှုန်းထား တစ်ဦးကို ငွေကျပ် ၃၀၀ နှုန်းနဲ့ပဲ ပြေးဆွဲသွားမှာပါ။ တခြားမြို့က ရုံးကိစ္စနဲ့လာတဲ့အခါ သွားလာရေးလွယ်ကူစေဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတည်ရှိရာကိုသွားနိုင်တဲ့ မုံရွာကမ်းနားလမ်းကိုလည်း ခရီးစဉ်တစ်ခုအဖြစ်ပြေးဆွဲမှာပါ၊ ဒါ့အပြင် ချင်းတွင်းတံတားတစ်ဖက်ကမ်းရှိ အောင်ဇေယျသီရိရတနာဈေး၊ ချင်းတွင်း ရတနာဈေး၊ မအူနှင့် ခရီးသည်တင် ယာဉ်ရပ်နားစခန်းတွေကို တိုးချဲ့ပြေးဆွဲသွားမှာပါ"ဟု ရတနာလင်းသယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးသိန်းတင်က ပြောသည်။

အဆိုပါ ရတနာလင်းသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အသင်းမှ မီနီထရပ်ယာဉ်များဖြင့် မုံရွာ-နမခလိုင်းအား နိုဝင်ဘာ ၂၄ ရက်တွင်မော်တော်ယာဉ် ၁၅ စီးဖြင့် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် နာရီဝက်တစ်စီးနှုန်းပြေးဆွဲလျက်ရှိကြောင်းနှင့် ခရီးသည်များ၏ လိုအပ်ချက်အရ ယခုကဲ့သို့ ခရီးစဉ်အသစ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း ဒီဇင်ဘာ ၁**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁ ရက်က တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာအုပ်စု ရွှေးစုကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်စုအတွင်းရှိ ရွှေးစုကျေးရွာ၊ ဆည်ထိပ်ကျေးရွာ၊ ရွှေဥဒေါင်းကျေးရွာများမှ ဒေသခံပြည်သူ ၄၃၀ ခန့်နှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာများက ဆက်လက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇာဇာ(တပ်ကုန်း)**

## ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော် အောင်မြင်စွာ ကျင်းပပြီးစီး

**လွိုင်လင် ဒီဇင်ဘာ ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်(ဓာတ်တော်ကျောင်းတိုက်)တွင် ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၉ ရက်က စတင်ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရှမ်းတိုင်းရင်းသား/တိုင်းရင်းသူလေးများက ရှမ်းရိုးရာ အဆို/အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ည ၁၂ နာရီတွင် နှစ်သစ်ကို မီးရှူး၊ မီးပန်းများပစ်ဖောက်ကာ ကြိုဆိုခဲ့ကြသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ပွဲတော်ကို ဆက်လက်ကျင်းပရာ ရှမ်းရိုးရာအဆို/အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပွဲတော်အထိမ်းအမှတ်အဖြစ် ကံစမ်းမဲဖောက်ပေးခဲ့ကာ ပွဲတော်ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းသန်း(IPRD)**

ရုံးဆင်းအိမ်ပြန်
မမေ့ရန်
မီးနှင့်
ပန်ကာပိတ်

# ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲများ ခမ်းနားထည်ဝါမှုလျှော့ချကာ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံပါဝင်သည့် တစ်မျိုးသားလုံးနှင့် ပတ်သက်ဆက်ဆိုင်သော အမျိုးသားအဆင့်အားကစားပြိုင်ပွဲကြီးများကို ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ရာ ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲ၊ တပ်မတော်ကြည်း၊ ရေ၊ လေနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ၊ တက္ကသိုလ်/ကောလိပ်ပေါင်းစုံအဆင့်ပြိုင်ပွဲဟူ၍ အဆင့် သုံးမျိုးခွဲကာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ထိုအချိန်က တာဝန်ယူလက်ခံကျင်းပခဲ့သော အစိုးရအဖွဲ့အနေဖြင့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကဲ့သို့ နိုင်ငံတကာပြိုင်ပွဲကြီးများကို အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် ရည်ရွယ်ကာ ခမ်းနားထည်ဝါသော ဖွင့်ပွဲ/ပိတ်ပွဲများဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပေသည်။

ယနေ့ကာလအနေဖြင့် ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပမည့်(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအား ဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်နီးကပ်လျက်ရှိပေရာ အဆိုပါပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် အရည်အသွေးမီမျိုးဆက်သစ်အားကစားသမားများ ဖော်ထုတ်အင်အားဖြည့်တင်းနိုင်ရေး၊ မြန်မာ့အားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံ ပိုမိုရရှိစေရေးနှင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိစေရေးတို့အတွက် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်ရှိ အားကစားကွင်း၊ အားကစားရုံများတွင် ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့်စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး/ဒိုင်ဗင်၊ ရိုးရာလက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon၊ ခရစ်ကက်အစရှိသည့် အားကစားနည်း (၂၇)နည်းဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီး၏ ဖွင့်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ နိုင်ငံတော်၏ဘတ်ဂျက်ရန်ပုံငွေ ခြိုးခြံချွေတာသည့်အနေဖြင့် ယခင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲများကဲ့သို့ ခမ်းနားထည်ဝါမှုများ လျှော့ချကာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအဆင့်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တစ်မျိုးတည်းကိုသာ သတ်မှတ်ထားကြောင်း သိရသည်။

**(ကြေးမုံ)**



# ရီးယဲလ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်အားခေါ်ယူရန် အာဆင်နယ်နှင့်စပါး အပြိုင်စောင့်ကြည့်နေ

အင်္ဂလန်ထိပ်သီးကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်နှင့် စပါးအသင်းတို့သည် လာမည့်ဇန်နဝါရီကာလအတွင်း အသင်း၏တိုက်စစ်ကိုအားဖြည့်ရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်း၏ မက္ကဆီကိုတိုက်စစ်မှူးဂျာဗီးယား ဟာနန်ဒက်ဇ်အားခေါ်ယူရန် အပြိုင်စောင့်ကြည့်နေကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ လာမည့်ဇန်နဝါရီကာလအတွင်း ကစားသမားသစ်များကို မဖြစ်မနေခေါ်ယူအားဖြည့်သွားရန် စီစဉ်နေပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင် ပုံမှန်နေရာပျောက်ဆုံးနေသည့် ဟာနန်ဒက်ဇ်အား စိတ်ဝင်စားလာခြင်းဖြစ်သည်။ ထို့ပြင် စပါးအသင်းမှာလည်း အသင်း၏ အားနည်းနေသည့် တိုက်စစ်ပိုင်းကို အားဖြည့်ရန်ပြင်ဆင်နေပြီး ပြောင်းရွှေ့ကြေး အနည်းငယ်ခန့်သာ ပေးချေရဖွယ်ရှိသည့် ဟာနန်ဒက်ဇ်အား ပစ်မှတ်ထားလာခဲ့ခြင်းလည်းဖြစ်သည်။ ဟာနန်ဒက်ဇ်မှာ ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းတွင် ခြောက်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ဟာနန်ဒက်ဇ်မှာ လာမည့်ဇန်နဝါရီကာလအတွင်း ရီးယဲလ်အသင်းမှထွက်ခွာ၍ ပုံမှန်နေရာရရှိမည့်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေပြီး လက်ရှိအချိန်တွင် ၎င်းအား အာဆင်နယ်၊ စပါး စသည့်အသင်းများအပြင် ဂျူဗင်တပ်၊ အင်တာမီလန် စသည့်အသင်းများကလည်း စိတ်ဝင်စားနေကြောင်း goal.com က ဖော်ပြခဲ့သည်။

အာဆင်နယ်နှင့် စပါးအသင်းတို့မှာ ဟာနန်ဒက်ဇ်အား အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာ ကမ်းလှမ်းသွားရန် ပြင်ဆင်နေပြီး ၎င်းအတွက် ပေါင် ၁၅ သန်းခန့် အသုံးပြုသွားရန်အသင့်ရှိနေကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**(ကိုရဲ)**

# တံတားပြင်ရန် ဖောင်ဒေးရှင်းတူးရာမှ လက်နက်ကြီးကျည်ဆန်များတွေ့ရှိ

**လွိုင်လင် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့မှ ပင်လုံအထွက် မြောင်းကူးတံတားပြုပြင်ရန် နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခန့်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံကိန်းအထူးအဖွဲ့(၅)မှ ဖောင်ဒေးရှင်းတူးစဉ် မြေအနက် သုံးပေခန့်တွင် စစ်လက်ကျန် လက်နက်ကြီးကျည်ဆန်များ တွေ့ရှိကြောင်း သိရသည်။



အဆိုပါလက်နက်ကြီးကျည်ဆန်တွေ့ရှိရာသို့ လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ခင်အောင်နှင့် တာဝန်ရှိသူများ၊ လွိုင်လင်တပ်နယ်မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ နံနက် ၉ နာရီတွင် ပထမလက်နက်ကြီးကျည်ဆန် တစ်တောင့်ကို တူးဖော်ရရှိပြီး တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)မှ လွိုင်လင်မြို့နယ် ရဲစခန်းသို့ အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးကြပြီး နံနက် ၁၁ နာရီတွင် နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများလာရောက်၍ ဒုတိယလက်နက်ကြီးကျည်ဆန်ကို တူးဖော်ခဲ့သည်။ အဆိုပါလက်နက်ကြီးကျည်ဆန်သည် အလျား ၁၁ ဒသမ ၆ လက်မ၊ လုံးပတ် ၂ ဒသမ ၆ လက်မရှိကြောင်း သိရသည်။ ဆက်လက်၍ ဖောင်ဒေးရှင်းတူးဖော်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရာ ညနေ ၃ နာရီတွင် လက်နက်ကြီးကျည်ဆန်သုံးတောင့် ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# အောင်ဘာလေ သိန်းဆုဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ (၁၁၁)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကျပ်သိန်း(၁၅၀၀)ဆု**

လ-၈၇၄၀၆၃

**ကျပ်သိန်း(၁၀၀၀)ဆု**

ခ-၇၆၈၃၅၀

**ကျပ်သိန်း(၅၀၀)ဆုများ**

ကက-၂၀၉၆၉၆

ဠ-၁၆၄၈၄၂

**ကျပ်သိန်း(၃၀၀)ဆုများ**

ဠ-၈၆၅၆၄၆

ကက-၄၀၅၁၁၇

စ-၈၂၃၄၈၂

**ကျပ်သိန်း(၂၀၀)ဆုများ**

ဟ-၉၂၆၂၄၈

ည-၆၅၃၃၃၉

ခ-၇၅၁၃၉၀

ည-၄၁၃၆၄၁

ခ-၈၅၀၈၅၂

**ကျပ်သိန်း (၁၀၀)ဆုမဲများ**

လ-၃၇၆၁၀၈

န-၂၃၇၄၇၁

လ-၅၇၉၁၉၈

ဝ-၇၉၃၅၅၇

ကခ-၃၃၆၃၂၇

ဝ-၃၉၉၃၂၂

ဌ-၁၈၃၇၀၃

ဃ-၃၅၄၀၈၁

ဝ-၅၈၈၅၅၅

ဖ-၉၇၈၈၀၈

# စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူနှင့် အိုက်စ်ပုံဆောင်ခဲ လက်လီရောင်းချသူနှင့် သုံးစွဲသူများအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိ

**တာချီလိတ် ဒီဇင်ဘာ ၁**

နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းနော်ဟိန်း ဦးစီးအဖွဲ့၊ စရဖ(တသခ)စု-၂ မှ ဒုတပ်ကြပ် ရဲမင်းထွန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ပြီး နိုဝင်ဘာ ၂၀ မှ ဒီဇင်ဘာ ၂၀ ရက်အထိ အစီအမံရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိစဉ် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်ကွက်သစ်ရှိ ဝင်းမောင် ငှားရမ်းနေထိုင်သော အိမ်ခန်းအား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဝင်းမောင်နှင့်အတူ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသော ချစ်ရင်ထူး၊ ဇေယျာအောင်၊ အောင်သော်ဖြိုးတို့ကိုတွေ့ရှိပြီး ဆက်လက်ရှာဖွေရာ ဝင်းမောင်ဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၇၄ ပြား၊ ခြံဝင်းအတွင်းရှိ သစ်ပင်ခွကြားမှ အဖြူရောင်အအေးစုပ် ပိုက်ငယ်များဖြင့် ထည့်လျက် အိုက်စ်အဖြူရောင်ပုံဆောင်ခဲ အလေးချိန် သုည ဒသမ ၃ ဂရမ်၊ ဇေယျာအောင်နှင့် အောင်သော်ဖြိုးတို့ထိုင်နေသော မြေကြီးပေါ်မှ အပြာရောင် သံဘူးအဖုံးပေါ်တွင်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား နှစ်ပြားနှင့် စိတ်ကြွဆေးပြားရှူရာတွင် အသုံးပြုသည့် ခဲပြားအပိုင်းငါးခု၊ ပိုက်တပ်လျက် ဖန်ပုလင်းတစ်လုံး၊ စုစုပေါင်းစိတ်ကြွဆေးပြား ၇၆ ပြား(အလေးချိန် ၇ ဒသမ ၆ ဂရမ်) ကာလတန်ဖိုးကျပ် ၁၉၀၀၀၀ နှင့် အိုက်စ်(သုည ဒသမ ၃ ဂရမ်) ကာလတန်ဖိုးကျပ် ၆၉၀၀ တို့အား တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသော ဝင်းမောင်(၄၅)နှစ်နှင့် ချစ်ရင်ထူး (၂၂)နှစ် ကျောက်တောင်ကွက်သစ် ပုန်းထွန်ရပ် တာချီလိတ်မြို့နေသူနှစ်ဦးနှင့် ဇေယျာအောင်(၁၈)နှစ် ရန်အောင်မြေရပ်ကွက် တာချီလိတ်မြို့နှင့် အောင်သော်ဖြိုး(၁၈)နှစ် မကာဟိုခမ်းရပ်ကွက် တာချီလိတ်မြို့နေသူ လေးဦးတို့အား လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ လွယ်တော်ခမ်းအုပ်စု ပါကွေ့(အောက်)ရွာ ရွာလမ်းမပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသူ မအီရှုန်ခမ်းရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော အညိုရောင်ဘေးလွယ်အိတ်အတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၇၃ ပြား (အလေးချိန် ၇ ဒသမ ၃ ဂရမ်)ကာလတန်ဖိုးကျပ် ၁၈၂၅၀၀ နှင့် အအေးစုပ်ပိုက်ငယ်များဖြင့် ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန်တစ်ပိုက်လျှင် သုည ဒသမ ၀၂ ဂရမ်စီပါ ၅၅ ပိုက်(အလေးချိန် ၁ ဒသမ ၁ ဂရမ်) ကာလတန်ဖိုးကျပ် ၁၇၆၀၀ တို့အား တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိသူ အီရှုန်ခမ်း (၃၀) နှစ် ဆိတ်ကုန်းရွာ လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်နေသူအား လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့နယ် တော်ကော့(အပြင်)ရပ်ကွက် စိုင်းရွတ်လမ်းကြားတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ဇေယျာ(ခ)ကိုငယ်ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အညိုရောင်ဘောင်းဘီတို အိတ်ကပ်အတွင်းမှ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် အိုက်စ်အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၁၈ ဂရမ်ပါ တစ်ထုပ်နှင့် ဘောင်းဘီတိုဝဲဘက်အိတ်ကပ်အတွင်းမှ စီးကရက်ဘူးခွံဖြင့် ထည့်လျက် အိုက်စ်အဖြူရောင်ပုံဆောင်ခဲ အလေးချိန် သုည ဒသမ ၁၅ ဂရမ်ပါတစ်ထုပ် (အလေးချိန် ၁၈ ဒသမ ၁၅ ဂရမ်) ကာလတန်ဖိုးကျပ် ၄၁၇၄၅၀၊ ၎င်းအနီးရှိ ဇေယျာ(ခ)ကိုငယ် ပိုင်ဆိုင်သော Super Custom Hiace အမျိုးအစား မီးခိုးရောင်မော်တော်ယာဉ်အား ထပ်မံရှာဖွေရာ ယာဉ်မောင်းထိုင်ခုံနောက်ကျောဘက်အိတ်အတွင်းမှ အအေးစုပ်ပိုက်ဖြင့် ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် သုည ဒသမ ၁၂ ဂရမ် (ကာလတန်ဖိုးကျပ် ၁၉၂၀) နှင့် ၎င်းဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ ထိုင်းဘတ်ငွေ ၃၀၀ တို့အား ရှာဖွေတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသော ဇေယျာ(ခ)ကိုငယ် (၄၂)နှစ် တော်ကော့(ပြင်)ရပ်ကွက် တာချီလိတ်မြို့နေသူအား လည်းကောင်း တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး







## အမြန်ဆက်သွယ်ပါ

Mercedes G Class 1D/4147 ခဲရောင်ယာဉ်နှင့် AD Van 7G/7785 အဖြူရောင်ယာဉ်လက်ဝယ်ရှိသူများ ဖုန်း-၀၉၇၃၁၃၉၆၆၆ နှင့် ၀၉၃၂၃၈၄၆၃၃ သို့ အမြန်ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။





TOP STAR







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ ခွန်ခင်မောင်ထွေးသည် မိဘ၏ ဆိုဆုံးမမှုကို မလိုက်နာခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအ၀၀ကို လုံး၀တာ၀န်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးချော-ဒေါ်နန်းစွန်**
**ည/၃၇၊ မြို့ပတ်လမ်း၊ ညောင်ဖြူစခန်းရပ်**
**တောင်ကြီးမြို့။**

B.Ed မြင့်သူထက်








## ပြည်သူများသို့ အသိပေးတင်ပြချက်

စားသောက်ဆိုင်များအားပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်း အစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်မှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ စားသောက်ဆိုင်များအနေဖြင့် စားသုံးသည့်တန်ဖိုး၏ ၅ ရာခိုင်နှုန်း ကျသင့်အခွန်အတွက် ထိုက်သင့်သည့် ပြေစာအမှတ်တံဆိပ်များ ကပ်နှိပ်ပေးရန် တာ၀န်ရှိပါသည်။ သို့ပါ၍ စားသုံးသူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ငွေရပြေစာများကို တောင်းယူကြပါရန် အသိပေးအပ်ပါသည်။ အသုံးပြုသည့်ပြေစာအမှတ်တံဆိပ် နမူနာပုံစံဖော်ပြအပ်ပါသည်။



ပြည်တွင်းအခွန်များဦးစီးဌာန




# စပါးစိုက်တောင်သူများ ခေတ်မီစိုက်ပျိုးရေးပစ္စည်းများ ဝယ်ယူအသုံးပြုမှုများပြားလာ

**ပွင့်ဖြူ၊ ဒီဇင်ဘာ ၁**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့်ကူးပြောင်းလျက်ရှိသောကာလတွင် ကျေးလက်ဒေသတောင်သူဦးကြီးများသည် ခေတ်မီစိုက်ပျိုးရေးသုံးစက်ပစ္စည်းများကို ယခင်ကထက် ပိုမိုဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးသောဒေသများအနက် မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးရွာများတွင် လယ်ယာသုံးထွန်စက်များနှင့် ခြွေလှေ့စက်များကို ဝယ်ယူမှုများပြားပြီး တလင်းပျောက်စနစ်ကို ကျင့်သုံးစပြုနေပြီဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာများသည် နယုန်လ၊ ဝါဆိုလများ၌ စပါးစိုက်ပျိုးကြပြီး တန်ဆောင်းမုန်းလရောက်လျှင် ဆန်သစ်ပေါ်၍ ဈေးကွက်တင်လေ့ရှိကြသည်။

"အရင်က ကျွဲနွားဖက်ပြီးရုန်းခဲ့ရပေမယ့် အခုတော့ လက်တွန်းထွန်စက်တွေ၊ စပါးခြွေလှေ့စက်တွေ သုံးပြီး တလင်းပျောက်စနစ်သုံးနေကြပါပြီ။ ခေတ်မီစိုက်ပျိုးနည်းစနစ်တွေကိုလည်း သက်ဆိုင်ရာက ကျေးရွာအရောက်ကွင်းဆင်းပြီးဆောင်ရွက်တဲ့အတွက် ဒီနည်းစနစ်တွေနဲ့ စိုက်ပျိုးလို့ သီးနှံအရည်အသွေးလည်း မြင့်မားလာတယ်။ ခေတ်မီစိုက်ပျိုးရေးစက်ပစ္စည်းတွေကြောင့် အချိန်ကုန်လူပင်ပန်းဖြစ်စရာမလိုတော့ဘဲ လုပ်ငန်းတွင်ကျယ်လာတယ်" ဟု ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်များက ရာသီဥတုကောင်းမွန်၍ ဆည်ရေသောက်အပြည့်အဝရှိခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးခြင်းတို့ကြောင့် နွေစပါးအထွက်နှုန်း ကောင်းမွန်၍ အရည်အသွေးမြင့်မားပြီး မကွေးဆန်ဈေးကွက်သာမက ရေနံချောင်း၊ တောင်တွင်းနှင့် အခြားမြို့နယ်များအပြင် ရန်ကုန် (ဘုရင့်နောင်ကုန်စည်ဒိုင်ဧရိယာအထိ)ပါ တင်ပို့ရောင်းချခဲ့ရသည်။

စပါးစိုက်တောင်သူများ ဝင်ငွေကောင်းခဲ့သည့်အပြင် နိုင်ငံတော်မှလည်း စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခဲ့သဖြင့် လုပ်ငန်းလည်ပတ်မှုပိုမိုကောင်းမွန်ပြီး လယ်ယာသုံးစက်ပစ္စည်းများကို တွင်ကျယ်စွာသုံးစွဲလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ကုန်းဇောင်းကျေးရွာ၌ စပါးစိုက်ပျိုးခြင်းကို အဓိကအားထားပြီး ဆန်သစ်ပေါ်ချိန်များတွင် စပါးကြိတ်စက်ကြီးများဖြင့် နေ့စဉ်လည်ပတ်၍ မြန်မာပြည်အနှံ့ ဖြန့်ချိတင်ပို့လျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**



**ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ်သည် အဓိကကျသည့်ကူးတို့ဆိပ်ဖြစ်ကာ နေ့စဉ် ခရီးသည်သိန်းဂဏန်းမျှ သွားလာလျက်ရှိပြီး ခရီးသွားများအန္တရာယ်ကင်းရှင်းပြီး စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် အတက်အဆင်းဆိပ်ခံနှစ်ခု ဆောင်ရွက်ပေးထားသောကြောင့် ခရီးသွားများ ယခင်ကထက် ပိုမိုအဆင်ပြေစွာသွားလာ နိုင်ကြောင်းသိရသည်။**

သတင်းနှင့် ဓာတ်ပုံ (ဒုဇ၇)

# ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်းမှ ဒီဇင်ဘာ ၃ ရက်တွင် အခမဲ့ပြေးဆွဲပေးမည်

**ကျိုက်ထို၊ ဒီဇင်ဘာ ၁**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်တက်မော်တော်ယာဉ်အသင်းမှ ဒီဇင်ဘာ ၃ ရက်တွင် ဘုရားဖူးခရီးသည်များအတွက် အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း တောင်တက်မော်တော်ယာဉ်အသင်းမှ သိရသည်။

ကျိုက်ထီးရိုးစေတီတော် တောင်တက်မော်တော်ယာဉ်အသင်းမှ နှစ်စဉ် ဒီဇင်ဘာပထမပတ်၏ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖူးခရီးသည်များအတွက် အခမဲ့ပြေးဆွဲပေးလျက်ရှိပြီး ယခုနှစ်တွင်လည်း ယင်းနေ့၌ တောင်ပေါ်နှင့် တောင်အောက်သို့ အတက်အဆင်း ခရီးစဉ်များကို အခမဲ့ပြေးဆွဲပေးသွားမည်ဟု သိရသည်။

"အသင်းက နှစ်စဉ် ဒီဇင်ဘာပထမပတ်ရဲ့ ဗုဒ္ဓဟူးနေ့ကို အခမဲ့ပြေးဆွဲပေးပါတယ်။ ဘုရားဖူးခရီးသည်တွေ ယာဉ်အန္တရာယ်ကင်းကင်းနဲ့ ဘုရားဖူးနိုင်အောင် ယာဉ်တွေကို လစဉ်စစ်ဆေးလျက်ရှိသလို အခုဆိုရင် ကားတွေမှာ နောက်မှီထိုင်ခုံတွေနဲ့ သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။

"ဘုရားဖူးများတဲ့အချိန်ဆိုရင် ပိုဂရုစိုက်ရပါတယ်။ ခရီးသည်တွေက လုတက်တာနဲ့ဆိုတော့ ထိခိုက်မှုမဖြစ်အောင် အတတ်နိုင်ဆုံးအသင်းကစီစဉ်ပေးနေပေမယ့် ဘုရားဖူးချင်ဇောနဲ့အတင်းလုတက်တာတွေတော့ရှိနေပါတယ်"ဟု တောင်တက်မော်တော်ယာဉ်အသင်းမှ တာဝန်ကျဂိတ်မှူးကပြောကြားခဲ့သည်။

"စနေ၊ တနင်္ဂနွေနဲ့ ပိတ်ရက်တွေမှာ လူများတယ်။ ကြားရက်မှာတော့ ဒီအချိန် နည်းနည်းပါးတယ်။ ဒီဇင်ဘာပိတ်ရက်တွေမှာ ပြန်များဖို့ရှိတယ်။ ဘုရားဖူးများတဲ့အချိန်ဆိုရင် တောင်တက်ကားဂိတ်မှာ လူအပြည့်ပဲ။ ဒါပေမယ့် တစ်ခေါက်တစ်ခေါက် ကားတွေဆင်းလာပြီဆိုရင် အများကြီးလာတာမို့ ခရီးသည်တော်တော်များများ လိုက်နိုင်ပါတယ်။ သံဃာတော်တွေ၊ လူကြီးတွေဆိုရင် ခေါင်းခန်းကို စာရင်းပေးထားလို့ရပါတယ်။ တစ်ချို့ကလည်း ခေါင်းခန်းမစီးရဲတော့ နောက်ခန်းကိုပဲ တိုးပြီးစီးကြတာပေါ့။ အေးအေးဆေးဆေးကားပေါ်တက်လည်း ရပါတယ်။ ကားတွေက အများကြီးပါပဲ။ ဘုရားဖူးချင်ဇောနဲ့ နောက်ထပ်ကားစောင့်ရမှာစိုးလို့ လုတက်ကြတာ" ဟု ကင်မွန်းစခန်းရှိ လူထုမေတ္တာထမင်းဆိုင်မှ ဆိုင်ဝန်ထမ်းတစ်ဦးက ပြောသည်။

ကျိုက်ထီးရိုးစေတီတော် တောင်တက်မော်တော်ယာဉ်အသင်းတွင် အသင်းဝင်မော်တော်ယာဉ် အစီး ၁၅၀ ရှိပြီး အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။ ဘုရားဖူးများပြားချိန်တွင် ယာဉ်အားလုံးနီးပါး အလှည့်ကျပြေးဆွဲပေးရကြောင်း သိရသည်။ **(၀၀၁)**

## မကွေးမြို့တွင် (၁၁) ကြိမ်မြောက် ဆုတောင်းပြည့် အေးစေတီဘုရား ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**မကွေး၊ ဒီဇင်ဘာ ၁**

မကွေးမြို့၊ ကန်သာရပ်ကွက်၊ အောင်စေတနာစာသင်တိုက်နှင့် ကန်သာကန် (မင်းကြီးကန်) အနီး ၊ အ. ထ. က (၁) လမ်းပေါ်ရှိ ဆုတောင်းပြည့်အေးစေတီဘုရား ဗုဒ္ဓပူဇနီယပွဲတော်အား နှစ်စဉ်ကျင်းပခဲ့ရာ (၁၁) ကြိမ်တိုင်ခဲ့ပြီဖြစ်ပြီး အဓိဋ္ဌာန်ဆုတောင်းပြည့်ဝသည့် ဂုဏ်သတင်းများကြောင့် လာရောက်ကြည်ညိုဖူးမျှော်သူများနှင့် စည်ကားလျက်ရှိကာ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ၁၂ ရက်တိုင် ပွဲတော်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကာလအတွင်း အောင်ပင်လယ်ဆပ်ကပ်အဖွဲ့ကြီးမှ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိလည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်ဗိုနှင့် ရွှေမန်းသဘင်တင်မောင်ဆန်းမင်းဝင်းတို့ပါဝင်သည့် ရွှေမန်းမျိုးဆက်ဇာတ်သဘင်အဖွဲ့မှ ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်နေ့အထိလည်းကောင်း၊ ဒါတို့ရွှေဇာတ်သဘင်အဖွဲ့မှ ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိလည်းကောင်း တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ပြီး အထည်အလိပ်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ဆိုင်ခန်း ၁၅၀ ခန့် ခင်းကျင်းရောင်းချလျက်ရှိသည်။

အေးစေတီဘုရားပရဝုဏ်၌ ရင်ပြင်တော်တိုးချဲ့ခြင်း၊ ရေသပ္ပာယ်ဆောင်ပြုပြင်ခြင်း၊ ဗောဓိညောင်ပင်ရင်းဘုရားဆင်းတုတော်များ တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ခုနှစ်များအတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး လှူဒါန်းပူဇော်သူ များပြားလာသည်နှင့်အမျှ နှစ်စဉ်မပျက်ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျိုးတော်ဆောင် တစ်ဦးကပြောသည်။

**ဇေယျတု(မကွေး)**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၃၄)၊ မြေကွက်တည်နေရာအမှတ်(၃၄)၊ မာန်ပြေ (၂၂)လမ်း၊၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးသန်းဆွေ (တရားလို) မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၆၃ ဖြင့် ဒေါ်ရန်(တရားပြိုင်) အား ပဋိညာဉ် အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၂ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်တင်မေလွင် [၁၂/ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၂၇၈/ခ) မြေကွက်တည်နေရာအမှတ်(၂၇၈/ခ)၊ အောင်သပြေအရှေ့(၂)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁၊ ဦးမောင်သောင်း၊ ၂။ဒေါ်ခခ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်သောင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်ခခ[၁၂/သကတ(နိုင်)၀၈၃၅၆၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၆၅၅၆/ ၂၀၁၃)ရသူ ဦးနေဝင်းအောင် [၁၂/ဒဂတ(နိုင်)၀၃၈၅၁၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၂၇၆/ခ) မြေကွက်တည်နေရာအမှတ်(၂၇၆/ခ)၊ သီရိမင်္ဂလာမြို့ပတ်လမ်း၊ (၅/၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်(ဦးသန်းဖေ)၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးသန်းဖေ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဒေါ်တင်မြင့်[၁၂/ရပသ(နိုင်)၀၂၃၃၄၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၅၁၆(၂၇-၆-၁၄)ရရှိထားသူ ဦးအေးဟန်[၁၂/အလန(နိုင်)၀၂၇၄၁၆]က သေစာရင်း၊ တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာနှင့် ထောက်ခံကျမ်းကျိန်လွှာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ဦးအေးဟန်၏ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အသိပေးကြော်ငြာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၄၀၉/ခ) မြေကွက်တည်နေရာအမှတ် (၄၀၉/ခ)၊ သန္တာ(၆)လမ်း၊ ဦးတင်[၁၂/ဥကမ(နိုင်)၀၆၉၅၈၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖခင်ဦးတင်ထံမှ ပိုင်ဆိုင်စာချုပ်အမှတ် (၁၉၃၀/၂၀၁၄)နှင့် စွန့်လွှတ်စာချုပ်အမှတ် (၁၉၃၁/၂၀၁၄)ဖြင့်ရရှိသူ ဦးကျော်မင်းထွေး [၁၂/ဥကမ(နိုင်)၁၆၁၉၅၂]မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူများ မရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးတင်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်စာချုပ်အမှတ်(ဂရန်)မူရင်း စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၄၂၁)၊ မြေကွက်တည်နေရာအမှတ်(၁၄၂၁)၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးသိန်းအေးCI ၀၃၂၀၉၃) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသိန်းအေးနှင့်ဇနီး ဒေါ်အုန်းမြင့် ကွယ်လွန်သဖြင့် (၁)ဦးအောင်သော်လွင် [၁၂/ကမရ(နိုင်)၀၂၃၈၀]၊ (၂)ဒေါ်ဝါဝါခိုင် [၁၂/ကမရ(နိုင်) ၀၂၃၁၅၇]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက ဌာန၏လုပ်ထုံးလုပ်နည်းများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ရှင်ဗွေယန်၊ ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒု-ရဲအုပ် ကျော်မျိုးနိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့များသည် ရှင်ဗွေယန်မြို့ပေါ် ရပ်ကွက် များသို့ နိုဝင်ဘာ ၂၅ ရက် နံနက်၉ နာရီတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးဘေးအန္တရာယ် အမျိုးမျိုးမှ ကြိုတင်ကာကွယ်ထိန်းသိမ်းနိုင်ရန် ကွင်းဆင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒု-ရဲအုပ် ကျော်မျိုးနိုင်၊ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးလှဆိုင်း ဦးဆောင်သောတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အင်အား ၁၂ ဦးပါဝင်သည့်အဖွဲ့တို့ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အမှိုက်ပုံများ၊ အိမ်တွင်းမီးဖိုထားရှိမှု အနေအထား၊ လောင်စာဆီများအလွယ်တကူ ထားရှိမှု မရှိစေရေးနှင့် လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှုများ စနစ်တကျရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးကာ မီးကပ်၊ မီးချိတ်၊ ရေအိတ်၊ သဲအိတ်များ အိမ်တိုင်းထားရှိရန် အသိပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**ဂျေအားနာ** (IPRD)

## သီရိမင်္ဂလာဈေးသစ်ရှိအနေးယာဉ်များကို စည်းကမ်းထိန်းသိမ်းခြင်းဆောင်ရွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁**

သီရိမင်္ဂလာဈေးသစ်၌ ကုန်စည်တင်ဆောင်နေသောကုန်တင်အနေးယာဉ်များအားနိုဝင်ဘာ၂၇ ရက်က စည်းကမ်းထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ကြောင်း လှိုင်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက ပြောသည်။



အဆိုပါ လှိုင်မြို့နယ်တွင် သီရိမင်္ဂလာဈေးသစ်ကြီး ရှိနေသဖြင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ကုန်စည်သယ်ယူပို့ဆောင်သော ကုန်တင်ဆိုက်ကား(ဂါလီ) အသွားအလာ များပြားနေရာ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရန် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့က ပူးပေါင်း၍ စည်းကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

"အချို့အနေးယာဉ်တွေက စည်းကမ်းမလိုက်နာဘူး။ လမ်းဆုံ၊ လမ်းခွတွေမှာ ပိတ်ဆို့ရပ်နားထားကြတယ်။ လမ်းကြောင်းပြောင်းပြန် စီးနင်းသွားလာကြတယ်။ အနေးယာဉ်မဝင်ရ နယ်နိမိတ်တွေကို ဝင်တယ်။ ဒါကြောင့် လမ်းပိတ်ဆို့မှုတွေဖြစ်ပြီး ယာဉ်တိုက်မှုတွေ ဖြစ်နေတာပေါ့"ဟု အနေးယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စီးနင်းသွားလာနေသည့် အချို့သော အနေးယာဉ်များမှာ အနေးယာဉ်များလိုက်နာရမည့် စည်းကမ်းများကို ချိုးဖောက်၍ စီးနင်းသွားလာနေမှုများကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်တိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**မောင်သုည**

## စစ်တွေမြို့၌လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**စစ်တွေ၊ ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင်ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်၊ ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက မကြာမီ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးတော့မည်ဖြစ်သည့်အတွက် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းဖြစ်ပြီး စစ်တွေမြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုအပ်ကြောင်းအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်က ရခိုင်ပြည်နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရအောင်ဘိုနှင့် ပြည်နယ်လျှပ်စစ်စစ်ဆေးရေးဌာန (E-1) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းတို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သတိပြုဆင်ခြင်ရမည့် အချက်များနှင့်ပတ်သက်၍ Power Point ဖြင့် အသိပညာပေး ဆွေးနွေးခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာတို့က မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့သည်။

ယင်းနောက် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင် ၅၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

## တောင်သာမြို့နယ်တွင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက မိုးနှောင်းချည်မျှင်ရှည်ဝါမျိုးသစ်အား တောင်သူပညာပေးလုပ်ငန်း ကွင်းသရုပ်ပြ

**တောင်သာ၊ ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်တွင် တောင်သူပညာပေး မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်(၆)၊ ရွှေတောင်(၈)နှင့် ငွေချည်(၉) ဝါအထွက်တိုးစိုက်ကွင်း သရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ ရက်၊ နံနက် ၈နာရီခွဲက မင်းတည်ကျေးရွာအုပ်စု မင်းတည်ကွင်း ဦးပိုင် ၆၄/၅ တောင်သူ ဦးအေးဝင်း၏ ယာကွက်ပေါ်တွင် စိုက်ပျိုးထားသည့် ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါမျိုးများ အထွက်နှုန်းကောင်းမွန်ပုံ၊ သိပ္ပံနည်းကျဝါ စိုက်ပျိုးနည်းစနစ်များ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရန် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ဝါစိုက်တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြင်းခြံခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းဝင်း၊ တောင်သာမြို့နယ်ဦးစီးမှူး ဦးမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးအောင်မြင့်မြတ်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကြည်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းမောင်နှင့် မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မင်းတည်၊ နယ်သာယာ၊ မင်းကန်၊ ကျောက်ချော၊ ဒါန်းတိုင်းကျေးရွာအုပ်စုတို့မှ ဝါစိုက်တောင်သူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## အ-ထ-က(၁) အလုံသို့ Mobile Library ကွင်းဆင်းဆောင်ရွက်

**ရန်ကုန်၊ ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အ-ထ-က(၁)၊ အလုံသို့ နိုဝင်ဘာ ၂၇ ရက်၊ နံနက် ၁၀ နာရီခွဲက Mobile Library အား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းနေ့က ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများအား သုတ၊ ရသ စာအုပ်၊ စာစောင် ၇၀ ကိုတစ်လတာ ဗဟုသုတ ရှာမှီးဖတ်ရှုနိုင်ရန် ငှားရမ်းပေးထားခဲ့သည်။

**ရွှေတိုင်လွင်**










### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၇၇၅)၊ မြေကွက်တည်နေရာအမှတ်(၇၇၅)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးမြင့်ထွန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဒေါ်စန်းစန်းတင် [၁၂/ဥကမ(နိုင်)၁၀၉၄၅၉]မှ ဝယ်ယူ၍ မြေချပါမစ်ခြကိုက်ပျက်စီးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ခြကိုက်ပျက်စီးဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးချစ်လှ [၁၂/ကမရ(နိုင်)၀၀၇၆၂၅] (မှ) | ဦးအောင်ဇော်မိုး [၁၂/ကမရ(နိုင်)၀၀၈၁၄၉] | တိုက်အမှတ်(၁၃)၊ အခန်းအမှတ်(၂၁)၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန
(အဆောက်အအုံ)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၂/က)၊ မြေကွက် တည်နေရာအမှတ်-၂(က)၊ မြို့ပတ်လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ဦးဘိုးအောင်၊ ၂။ဦးမြင့်စိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဘိုးအောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သန်းနွဲ့[၁၂/သကတ(နိုင်) ၀၄၇၀၁၃] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၉၈၃/၂၀၁၄) ရသူ ဦးခင်အောင်[၁၂/အစန (နိုင်)၁၃၄၇၃၇]မှ ကျန်အမည်ပေါက် ဦးမြင့်စိုး[၁၂/သကတ(နိုင်)၀၉၇၇၀၀] နှင့် ပူးတွဲလျှက်သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို ထိရောက်စွာ အရေးယူ

**တာချီလိတ် ဒီဇင်ဘာ ၁**

တာချီလိတ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းသည့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ထိရောက်စွာအရေးယူခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တာချီလိတ်ခရိုင်၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် အမှတ် (၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်စိတ်(၂)၊ တာချီလိတ်မှ တပ်စိတ်မှူး ရဲအုပ်ကျော်ဇေယျနှင့် တပ်ဖွဲ့ဝင်များသည် ပူးပေါင်းအဖွဲ့များဖြင့် နံနက် ၉ နာရီခွဲ မှ ၁၁ နာရီခွဲအထိ တာချီလိတ်မြို့၊ ပါဆတ်ကျွန်းတောကွေ့လမ်းဆုံတွင်လည်းကောင်း၊ ညနေ ၃ နာရီခွဲမှ ၄ နာရီ ၄၅ မိနစ် အထိ မင်္ဂလာပါပန်းခြံရှေ့တွင်လည်းကောင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်က အရေးယူဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ်များ မြို့တွင်း၊ မြို့ပြင် လမ်းပြောင်းပြန်စီးနင်းမှု၊ နှစ်ဦးထက်ပို စီးနင်းမှု၊ ညအချိန်စီးသည့်အခါ ရှေ့မီးနောက်မီး မလင်းမှု၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်မဆောင်းမှု၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် စသည်တို့ကို စစ်ဆေး၍ စည်းကမ်းလိုက်နာမှုမရှိသော ဆိုင်ကယ် ၁၀၁ စီးအားဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားမှုဖြင့် အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်စိတ်(၂)၊ တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း အဖွဲ့သည် စည်းကမ်းလိုက်နာမှု အားနည်းသည့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို နိုဝင်ဘာ ၁၇ ရက်က ဆိုင်ကယ် ၆၈ စီးအား စစ်ဆေးဖမ်းဆီးခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်တွင် တရားရုံး၌ ဒဏ်ငွေများပေးဆောင်စေ၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးဆိုင်ကယ်များအား ယာဉ်ထိန်းရုံးတွင် ခုနစ်ရက်ထိန်းသိမ်းထားရှိကာ ထိန်းသိမ်းကာလပြည့်သည့် နေ့ရက်တွင် တရားရုံး ဒဏ်ငွေကျပ် ၁၀၀၀ နှင့် စီမံခန့်ခွဲမှုအထူး ဒဏ်ငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယင်းကဲ့သို့ မသိမ်းဆည်းခင် တစ်ပတ်အလိုတွင် ညစဉ် အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်များအား လိုက်လံကြေညာခြင်း၊ ဌာနဆိုင်ရာရုံးများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် စာသင်ကျောင်းများကို အကြောင်းကြားထားရှိပြီး ပညာပေးကာလအဖြစ် သတ်မှတ်ခဲ့ခြင်းများဆောင်ရွက်ခဲ့သည်။

**မော်ကြီး(တြိဂံနယ်မြေ)**



**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆရာဝန်နေအိမ်နှစ်ခန်းတွဲ တစ်လုံး အလျား ၄၄ ပေ၊ အနံ ၃၉ ပေ အမြင့် ၁၂ ပေ RC တစ်ထပ်ဆောက်လုပ်မည် ဖြစ်ရာ တာဝန်ယူ ဆောက်လုပ်မည့် လားရှိုးကြယ်ကုမ္ပဏီမှ နိုဝင်ဘာ ၁၈ ရက်က အောက်ခြေဖောင်ဒေးရှင်းများ စတင်ဆောက်လုပ်နေကြောင်း သိရသည်။**

သတင်းနှင့်ဓာတ်ပုံ- ကိုမျိုး(ယောရော)

# ပုဒါတ်စာကုန်းရွာတွင် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်ပွဲ အခမ်းအနားပြုလုပ်

**တောင်သာ၊ ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းက ကြီးမှူးပြီး အလှူရှင် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက လှူဒါန်းသည့် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်ဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ပုဒါတ်စာကုန်းကျေးရွာ ယာယီမဏ္ဍပ်၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းကြီးသည် နိုင်ငံတစ်ဝန်းလုံးရှိ စောင့်ရှောက်ထောက်ပံ့မှုပေးရန် လိုအပ်သည့်နေရာဒေသများသို့ ထောက်ပံ့မှုများပေးနေမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့အသင်းကြီးသာမကပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် အသင်းဒုတိယဥက္ကဋ္ဌဒေါ်သူဇာဝေကအသင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားခဲ့ပြီး စက်ရေတွင်း၊ ရေလှောင်ကန်၊ ရေတင်စက်တို့အား အသင်းဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အလှူရှင်ဦးအောင်ကိုဝင်း၏ ကိုယ်စားလှယ် နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စက်ရေတွင်း၊ ရေလှောင်ကန်၊ ရေတင်စက်တို့ကိုဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးကစက်ရေတွင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား အလှူရှင်ထံသို့ ပေးအပ်ခဲ့ပြီး အလှူရှင်မှ စက်ရေတွင်းနှင့် ပတ်သက်သော စာရွက်စာတမ်းများအား ကျေးရွာစက်ရေတွင်း ကော်မတီထံသို့ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဒေသခံပြည်သူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က အဆိုပါကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ခြင်း၊ ကျေးရွာရှိအဘိုး ၅၂ ဦး၊ အဘွား ၅၅ ဦးတို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ စက်ရေတွင်းကော်မတီထံသို့ အလှူငွေ ၂၀၀၀၀၀ ကျပ်၊ ကျေးရွာအထောက် အကူပြုအဖွဲ့ထံသို့ အလှူငွေ ၁၀၀၀၀၀ ကျပ်၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ထံသို့ အလှူငွေ ၅၀၀၀၀ ကျပ်၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ထံသို့ အလှူငွေ ၅၀၀၀၀ ကျပ်၊ အရင်းမပျောက် မတည်ငွေ ၁၀၀၀၀၀ ကျပ်၊ ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသား၊ ကျောင်းသူများအတွက် မုန့်မျိုးစုံနှင့် ကျေးရွာအသင်းအဖွဲ့ဝင်များအတွက် ဝတ်စုံနှင့် ထောက်ပံ့ငွေများလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

**ဟိုပန်၊ ဒီဇင်ဘာ ၁**

မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်းအခမ်းအနားကို ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၇ ရက်နေ့ မွန်းလွဲ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟိုပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့်အသက် ၁၀ နှစ်ပြည့်နှင့်အသက် ၁၈ နှစ် ပြည့် မွေးရာပါနိုင်ငံသား ၁၁၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ခြင်းပြီး (အခမဲ့) ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် ယင်းနေ့ကပြုလုပ်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဖေသက်ထွန်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးဝင်းရှိန်တို့ကပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ရွှေတင်နှင့် ကျောင်းသား၊ကျောင်းသူများက လက်ခံရယူခဲ့သည်။

**ခရိုင်ပြန်/ဆက်**







T
Talents & Models
M
For Your Success
မှ
အထူးသင်တန်းများ
ကိုယ်ရည်ကိုယ်သွေးတောက်ပမှု အထူးသင်တန်း
(Personal Grooming Course)

| | |
|---|---|
| အခမဲ့အထူး | - အမျိုးသမီး အရပ် 5'-8" နှင့် အထက် |
| | - အမျိုးသား အရပ် 6' နှင့်အထက် |
| သင်တန်းဖွင့်မည့်ရက် | - 6 December 2014 စမည်။ |
| အချိန် | - 3:00 PM to 5:00 PM |

ဆရာမ မတင်မိုးလွင်မှ ကိုယ်တိုင်သင်ကြားပေးပါမည်။
စာရင်းပေးသွင်းရန် -09-254705787, 09-73139232, 09-975320797
လိပ်စာ-ယောမင်းကြီးလမ်း၊ တိုက်နံပါတ်(၃၀)၊ (၃)လွှာ၊ ဒဂုံမြို့နယ်။




**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈(FMI)၊ မြေကွက်အမှတ်(၃၁၅)၊ ဧရိယာ-၀. ၀၅၅ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ကောန်ခါးနူးကောန် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အပြီးအပိုင်အရောင်းအဝယ်စာချုပ်(၇၇၈၆/၂၀၁၄)တင်ပြ၍ ဦးဌေးဝင်း [၇/ရတန(နိုင်)၀၂၉၄၅၄]၊ ဒေါ်မြနွဲ့ [၇/ရတန(နိုင်)၀၂၈၃၂၀]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။
မြေတိုင်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန




စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ်
စက္ကန့်ခြောက်ဆယ် ကို ၂၅ကျပ်ပဲ
ကျသင့်ပါတယ်။
ooredoo
၁စက္ကန့်
=
၄၂ပြား
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

ကြော်ငြာ

KMD
Computer Centre

ကွန်ပျူတာသင်တန်းအပ်နှံသူတိုင်းအတွက်

Special Discount

3 Dec 2014 (ကန့်သတ်ကာလ)

Application & Professional Courses

30% Off

Application & Professional Courses

20% Off

HOTLINE : 09 253969200

NEW CLASS

**Columbus သင်တန်းကျောင်း (CVEC) ၏**

**Ticketing Expert သင်တန်း**

**Ticketing Basic သင်တန်းပြီးသူများ နှင့် Ticketing Agent များအတွက်သာ သင်တန်းကောင်း**

ခရီးသွားလုပ်ငန်းနှင့် ပြီးလေကြောင်းလိုင်းများမှာ ဝင်ရောက် ထားသဖြင့် Ticketing လုပ်ငန်း ကျွမ်းကျင်သူများ အလွန်လိုအပ် နေပါသည်။

- ကျွမ်းကျင်ဝန်ထမ်းအဖြစ်လုပ်ငန်းခွင်သို့ လေကြောင်းကောင်းကောင်းနှင့် ဝင်နိုင်ရန်လေ့ကျင့်ပေးမည်။
- Online Reservation နှင့် Fare Quotation ကို လက်တွေ့များများ လုပ်ပြီး ကျွမ်းကျင်သော Level အထိ အောင်လက်မှတ်ထုတ်ပေးမည်ဖြစ်၍ အလုပ်လျှောက်ရာတွင် များစွာ အထောက်အကူပြုမည်။
- Ticketing ပညာအပြင် English Basic Speaking & Writing Skill ကိုပါတွဲဖက် သင်ကြားပေးမည်။
- နယ်မှလာတက်သူများအတွက် အဆောင်စီစဉ်ပေးမည်။

သင်တန်းအချိန် – တစ်ပတ်(၂)ရက် (စနေ၊တနင်္ဂနွေ)၊ တစ်ရက်(၄) နာရီ
သင်တန်းကာလ – ၂ လ    ဖုန်း–၂၁၅၈၆၆၊ ၀၉၂၅၀၂၉၃၀၁၃
ဖွင့်မည့်ရက် – ၆ . ၁၂ . ၁၄ – အမှတ်(၆၅)၊ ပါတာနီလမ်း၊ လမ်းမတော်မြို့နယ်။

**(၁) နှစ်ငွေချေစနစ်**




Bayint Naung Rd, Hlaing Tap, Yangon, Myanmar.  Tel: 531423, 09 731 88101, 0973113100, 0973075434, 0931483851

**အောင်အကယ်ဒမီ**

ကိုယ်ပိုင်အထက်တန်းကျောင်း

**ပညာရည်ချွန် ဆုပေးပွဲအခမ်းအနား**

အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို

၁-၁-၂၀၁၅ (ကြာသပတေးနေ့)၊ **Sedona Hotel, Grand Ballroom** တွင် ညနေ ၄း၀၀ နာရီမှ ၇း၀၀ အထိ

ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောင်အကယ်ဒမီ အကျွသိုလ်စင်တန်း ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ

ဖိတ်စာလာရောက်ထုတ်ယူနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဖိတ်စာများကို ၁၂-၁၂-၂၀၁၄ နောက်ဆုံးထား၍ လာရောက်ထုတ်ယူပါရန်**

ဖိတ်စာလာရောက်ထုတ်ယူရန်လိပ်စာ | အမှတ် (၉၉)၊ အောင်ဇေယျလမ်း၊ ဘောက်ထော် ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၇၀၆၄၉၊ ၅၇၈၅၅၆

## မာတိကာ

ဒီဇင်ဘာ အားကစားလ
စာမျက်နှာ - ၂

မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သည့် အလံတင်အခမ်းအနားနှင့် ပိုလ်ရှုသဘင်
စာမျက်နှာ - ၆

အနောက်အာဖရိကတွင် အီဘိုလာကြောင့် သေဆုံးသူ ၇၀၀၀ နီးပါးရှိ
စာမျက်နှာ - ၁၁

# မြန်မာ-နော်ဝေ နှစ်နိုင်ငံဆက်ဆံရေးအတွက် ချစ်ကြည်ရင်းနှီးသည့် ကောင်းမွန်သောပြယုဂ်တစ်ခုဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ ပဋ္ဌမမြောက် ဟာရယ်ဘုရင်နှင့်မိဖုရား ဆွန်ယာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**(အောက်ပုံ)



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဆွေတော်ဘုရင်မင်းမြတ်နှင့် မိဖုရား ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်ဘုရင်မင်းမြတ်နှင့်မိဖုရား ယခုလို ချစ်ကြည်ရေးခရီး လာရောက်ခြင်းမှာ မြန်မာ-နော်ဝေ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် ချစ်ကြည်ရင်းနှီးသည့် ကောင်းမွန်သော ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုများကို လာရောက်အားပေးသည်ဟု ယုံကြည်ပါကြောင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

## လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း

စာမျက်နှာ » ၁၅၊ ၁၆

# ၂၀၁၅ MNL ချာရတီဖလားပြိုင်ပွဲ ရတနာပုံနှင့် ရောဝတီတို့ ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

၂၀၁၂ ရာသီမှစ၍ ကျင်းပလာသည့် MNL ချာရတီဖလားပြိုင်ပွဲကို လေးကြိမ်မြောက်အဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ၂၀၁၄ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းနှင့် MFF Cup ရှုံး/ထွက် ချန်ပီယံ ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူမှုရေးအသင်းအဖွဲ့များ၊ လိုအပ်သည့်နေရာများကို လှူဒါန်းရန်အတွက် MNL ချာရတီပြိုင်ပွဲကို ကျင်းပလာခြင်းဖြစ်ပြီး ယခုပွဲစဉ်မှရရှိသော ကွင်းဝင်ကြေးများကိုလည်း လှူဒါန်းသွားမည်ဖြစ်သည်။ ၂၀၁၂ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရောဝတီ၊ ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ရောဝတီ၊ ၂၀၁၄ ပြိုင်ပွဲတွင် ရန်ကုန်နှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်ကစားကြပြီး ၂၀၁၂ ပြိုင်ပွဲတွင် ရောဝတီ၊ ၂၀၁၃ ပြိုင်ပွဲတွင် ရန်ကုန်၊ ၂၀၁၄ ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းတို့က ဗိုလ်စွဲထားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်မည်ဖြစ်ပြီး ပွဲစဉ်ဇယားများကို ယခုလအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ ၂၀၁၅ MNL ချာရတီဖလားပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် ရတနာပုံအသင်းနှင့် ရောဝတီအသင်းတို့မှာ လာမည့်ရာသီ၌ နိုင်ငံတကာကလပ်အသင်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းများလည်း ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**



# ချင်းတောင်တန်းမြေဆီမခြောက်ခန်းဖို့ ဝိုင်းဝန်းကာကွယ်စို့

**သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-နန္ဒ**

အုံ့မခန်းလှပသော တောင်စွယ်တောင်ထွတ်များ ဝန်းရံတန်ဆာဆင်ထားသည့် ညီနောင်ချင်းတိုင်းရင်းသားတို့၏ မင်းတပ်တောင်ပေါ်မြို့လေး **(အပေါ်ပုံ)**သည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည်ကို ဒေသခံတို့က ဂုဏ်ယူနေကြသည်။

ပခုက္ကူမှ ကံမ၊ ပေါက်မြို့နယ်များအတွင်း သဲချောင်းများ၊ ရေကျော်များ၊ ဆော၊ ကျောက်ထု၊ ယောနယ်များအတွင်း ပုံတောင်ပုံညာတောင်ကြီးများနှင့် အကွေ့အကောက်အတက်အဆင်း ကြမ်းတမ်းသော တောင်ပေါ်လမ်းကျဉ်း ၉၅ မိုင်ကို တစ်နေကုန် နီးနီးဖြတ်သန်းပြီးမှ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၈၆၀ တွင်ရှိသော မင်းတပ်မြို့သို့ ရောက်နိုင်မည်ဖြစ်သည်။

မြို့ပေါ်တွင် ရုံး၊ ဈေး၊ စတိုးဆိုင်များ၊ ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ စုံလင်စွာရှိသည်။ အိမ်များကြားတွင် သော့ခတ်ထားသော အိမ်ကလေးများ အများအပြား

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋

## လေဖိအားနည်းရပ်ဝန်း အားလျော့ပျက်ပြယ်

**နေပြည်တော် ဒီဇင်ဘာ ၁**

